# ကြေးမုံ

**The Mirror Daily**

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။


**အကုသိုလ်မဖြစ်အောင်စောင့်စည်းခြင်းသည် ကောင်း၏**

မျက်စိဖြင့် (အကုသိုလ်မဖြစ်အောင်) စောင့်စည်းခြင်းသည် ကောင်း၏၊ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။

ဘိက္ခုဝဂ်(ဓမ္မပဒ -၃၆၀)


၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၂ ရက်၊ တနင်္လာနေ့။ Monday, 21 July 2025 ၁၁၈၈၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လှိုင်သာယာမြို့နယ်အတွင်းရှိ ရန်ကုန် - ပုသိမ်လမ်းမတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇူလိုင် ၂၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိရန်ကုန်-ပုသိမ်လမ်းမတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐**


**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်-ပုသိမ် လမ်းမတစ်လျှောက် လမ်းဘေးဝဲ၊ ယာ၌ ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။**

## ယနေ့ ဖတ်စရာ


**အမှန်တကယ်အလုပ်လုပ်ရန်သာ လိုပါသည်**
ဆောင်းပါး စာမျက်နှာ » ၁၁

**ကုလသမဂ္ဂကို ဘာကြောင့် လူတွေ စိတ်ပျက်သလဲ**
ဆောင်းပါး စာမျက်နှာ » ၁၆

**ပထမဆုံး အီလက်ထရွန်နစ်၊ ဖိုတွန်းနစ်၊ ကွမ်တမ်ပါဝါ ဟိုက်ဘရစ်ချစ်ပ် တီထွင်**
နည်းပညာနှင့်သုတကဏ္ဍ စာမျက်နှာ » ၂၂

**နောင်ချို- ကျောက်ကြမ်း-အုမ္မခါး-အုမ္မသီး-ပြင်ဦးလွင်-မန္တလေး လမ်းကြောင်းကြီး ပြန်လည်ဖွင့်လှစ်နိုင်မှုနှင့်အတူ တည်ဆောက်ရေးလုပ်ငန်းများ၌ အသုံးပြုမည့် ဘိလပ်မြေများကို ဒေသတွင်းသို့ လျင်မြန်စွာ ပို့ဆောင်**
စာမျက်နှာ » ၉




ကြေးမုံ

# ပြည်သူအားလုံး၏ကျန်းမာရေး တစ်တပ်တစ်အားဖြည့်ဆည်းပေး

"ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါး" ဆိုသကဲ့သို့ပင် လူ့ဘဝအတွက် ကျန်းမာကြံ့ခိုင်ခြင်းသည်သာ အရေးကြီးဆုံးအချက်ဖြစ်သည်။ ကျန်းမာမှ အလုပ်လုပ်နိုင်ပြီး လိုရာခရီးဆက်နိုင်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် "တစ်မျိုးသားလုံး သက်ရှည်ကျန်းမာ ကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး" ဟူသည့် လူမှုရေးဦးတည်ချက်တစ်ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မကျန်းမာသည့်အခါ ပြည်သူများ၏ အားထားရာသည် ဆေးရုံ၊ ဆေးခန်း၊ ဆေးဆိုင်၊ ဆရာဝန်၊ သူနာပြုများဖြစ်သည်။ ဤအရာများကို ပြည့်စုံအောင် မဖြည့်ဆည်းပေးနိုင်ပါက "အမိမဲ့သား၊ ရေနည်းငါးပမာ" ကူရာကယ်ရာမရှိ အတိဒုက္ခရောက်ရသကဲ့သို့ဖြစ်ပေမည်။ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်ရန်အတွက် နိုင်ငံတော်အစိုးရက ကျန်းမာရေးဆိုင်ရာနှင့် ပတ်သက်၍ အဘက်ဘက်တွင် လိုအပ်သည်များကို ဖြည့်ဆည်းပေးလျက်ရှိသည်။ ပြည်သူများ စိတ်ချမ်းသာစွာ ဆေးကုသမှုခံယူနိုင်ရေးအတွက် ပြည်သူ့ဆေးရုံများ မွမ်းမံပြင်ဆင်ခြင်း၊ အသစ်တည်ဆောက်ခြင်း၊ ရောဂါရှာဖွေခြင်းနှင့် အဆင့်မီဆေးကုသပေးခြင်း၊ ဆေးဝါးများ၊ ဆရာဝန်၊ သူနာပြုများ၊ ခေတ်မီကိရိယာများကို စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇူလိုင်လ ၁၈ ရက်နေ့က ဆေးတက္ကသိုလ်လေးခုမှ ကိုယ်စားလှယ်များအား နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိ ခန့်လွှာပေးအပ်ပွဲတွင် "ပြည်သူ့ဆေးရုံများအနေဖြင့် အရေးပေါ်လူနာများ အချိန်ပြည့်လက်ခံကုသနိုင်ရေး စီမံထားရှိပြီး လူနာများကို တတ်နိုင်သမျှ ကုန်ကျစရိတ်မရှိစေဘဲ စိုက်ထုတ်သုံးစွဲရငွေလျှော့နည်းစေရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ "ဆေးရုံတိုင်း ဆရာဝန်ရှိရမည်" ဟူသည့်အတိုင်း ကျန်းမာရေးဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ သစ်လွင်ဆရာဝန်များအနေဖြင့် ယခုမိမိတို့တာဝန်ကျရာ ဆေးရုံများတွင် စတင်ထမ်းဆောင်ကြတော့မည်ဖြစ်သဖြင့် ဝမ်းသာအားရဖြစ်ရပါကြောင်းနှင့် တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြရန်" တိုက်တွန်းပြောကြားခဲ့သည်။

နိုင်ငံတစ်နိုင်ငံရှိ ပြည်သူများ မည်မျှအသက်ရှည်ကျန်းမာကြသည်ကို လူ့မျှော်မှန်းသက်တမ်းကိုကြည့်၍ ပြောဆိုကြသည်။ မြန်မာနိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ ၆၉ နှစ်ရှိသည်ဟု ခန့်မှန်းထားသည်။ မြန်မာနိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် အာဆီယံ ၁၀ နိုင်ငံများတွင် အဆင့် ၉ ရှိပြီး အိမ်နီးချင်းနိုင်ငံများတွင် အဆင့် ၅ ရှိသည်ကိုတွေ့ရသဖြင့် ပြည်သူလူထု၏ ကျန်းမာရေးအခြေအနေ နိမ့်ကျနေသည်ကို တွေ့ရသည်။ ထို့ကြောင့် နိုင်ငံ၏ စီးပွားရေးကောင်းမွန်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထု၏ စားသောက်နေထိုင်ရေး၊ ကာကွယ်ဆေးထိုးနှံရေး၊ ဆေးကုသရေး၊ သေဆုံးနှုန်း ချိန်ဆသုံးသပ်ရေး စသည့် ရှုထောင့်အမျိုးမျိုးမှ ဆောင်ရွက်သင့်သည်များကို သက်ဆိုင်ရာကဏ္ဍအလိုက်၊ တာဝန်အလိုက် အလေးထားဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးနှင့် မျှော်မှန်းသက်တမ်း မြင့်မားလာစေရေးအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရေး၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များ လုံလုံလောက်လောက် လေ့ကျင့်မွေးထုတ်ပြီး နိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးသည် အရေးကြီးသည်။ နိုင်ငံတော်အစိုးရအနေဖြင့် "လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိ" ဆိုသည်ကို ဦးထိပ်ထားပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ လူတိုင်းလက်လှမ်းမီသည့်၊ အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပြည်သူလူထု၏ ကိုယ်ပိုင်ငွေကြေးကုန်ကျရမှုအနည်းဆုံးသက်သာစွာဖြင့် ရရှိစေရေး အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရောဂါမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ရောဂါဖြစ်ပွားလာပါက အရည်အသွေးပြည့်ဝသည့် ဆေးဝါးကုသရေးလုပ်ငန်းများကို တာဝန်ကျရာနေရာအသီးသီးမှ ကျန်းမာရေးဝန်ထမ်းများက ဆေးကုသမှုခံယူကြသော ပြည်သူများအား ကိုယ်စွမ်းဉာဏ်စွမ်း စေတနာမေတ္တာအပြည့်ဖြင့် ကုသစောင့်ရှောက်မှုပေးလျက်ရှိသည်ဟု အလေးအနက် ယုံကြည်ပါကြောင်း။ ။

## ဧရာဝတီမြစ်၊ စစ်တောင်းမြစ်နှင့် ငဝန်မြစ်ကမ်းအနီးနေထိုင်သူများ ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်

နေပြည်တော် ဇူလိုင် ၂၀

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်လက်မခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်လက်မခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဇလွန်မြို့နယ်နှင့် ဆိပ်သာမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန်နှင့် ဟင်္သာတမြို့နယ်၊ မဒေါက်မြို့နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ နွေဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသောတိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသ သတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာ ရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသော ခြံများအတွင်း စနစ်တကျ မွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ် ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှုအမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## ၂၀ - ၇ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၈၉၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

❐ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ် ရန်ကုန်-ပုသိမ် လမ်းမတစ်လျှောက် လမ်းဘေးဝဲ၊ ယာ၌ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ အဆင့်မြှင့်တင်မှုနှင့် လူသွားစင်္ကြံ တည်ဆောက်လျက်ရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လမ်းဘေးဝဲ၊ ယာ၌ သန့်ရှင်းသာယာပြီး လမ်းအင်္ဂါရပ်များနှင့် ပြည့်စုံရေးဆောင်ရွက်ရန်၊ ရေနုတ်မြောင်းများ ပိတ်ဆို့မှုမရှိစေရေး၊ ရေထွက်ပေါက်များမှ ရေများအလွယ်တကူစီးဆင်းသွားနိုင်ရေး စနစ်တကျတွက်ချက်၍ တည်ဆောက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညောင်တုန်းလမ်းတစ်လျှောက်နှင့် ရွှေပြည်သာမြို့နယ် အမှတ် (၄) လမ်းတစ်လျှောက် ရေနုတ်မြောင်းများ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ မော်တော်ကားလမ်းတိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လှိုင်သာယာမြို့နယ် ရန်ကုန်-ပုသိမ် လမ်းမတစ်လျှောက် လမ်းဘေးဝဲ၊ ယာ၌ ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

# ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပ




**နေပြည်တော် ဇူလိုင် ၂၀**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီရုံး အနောက်ဘက်ရှိ ငလိုက်ရာဘာ ရေလှောင်ကန်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဇနီး၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ၎င်းတို့၏ ဇနီးများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ငါးမျိုးစိုက်ထည့်ပွဲတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့သည် ဒုတိယဝန်ကြီးများ၊ ၎င်းတို့၏ ဇနီးများနှင့်အတူ ငါးမြစ်ချင်းနှင့် ငါးခုံးမသားပေါက်များကို ငလိုက်ရာဘာ ရေလှောင်ကန်အတွင်း ငါးမျိုးစိတ်စိုက်ထည့်ပေးကြသည်။

ယင်းနောက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ၎င်းတို့၏ ဇနီးများနှင့် အရာထမ်း၊ အမှုထမ်းများက ငါးမြစ်ချင်းနှင့် ငါးခုံးမသားပေါက်ကောင်ရေ ၁၁၀၀၀ ကို စားရေရိက္ခာပေါကြွယ်ဝရေး၊ ရေသယံဇာတများထိန်းသိမ်းရေး၊ ငါးမျိုးမပြုန်းတီးရေး စသည့် ရည်ရွယ်ချက်များဖြင့် ငလိုက်ရာဘာ ရေလှောင်ကန်အတွင်း ငါးမျိုးစိတ်စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရုပ်ရှင်ထုတ်လုပ်သူလုပ်ငန်းရှင်များ ရုပ်ရှင်ကဏ္ဍဖွံ့ဖြိုးရေးအတွက် ညှိနှိုင်းဆွေးနွေး



**ရန်ကုန် ဇူလိုင် ၂၀**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းသည် ရုပ်ရှင်ထုတ်လုပ်သူ လုပ်ငန်းရှင်များနှင့် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌တွေ့ဆုံ၍ ရုပ်ရှင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ညှိနှိုင်းဆွေးနွေးသည်။

**ညှိနှိုင်းဆောင်ရွက်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ ရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသနိုင်မည့် အခြေအနေနှင့် ရိုက်ကူးထုတ်လုပ်ရန် လိုအပ်မှု အခြေအနေကို လည်းကောင်း၊ ရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသမှု စနစ်အား မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံး၊ ရုပ်ရှင်ဇာတ်ကား ထုတ်လုပ်သူများနှင့် ရုပ်ရှင်ရုံပိုင်ရှင်များ ညှိနှိုင်းပေါင်းစပ်၍ အားလုံးအဆင်ပြေစေမည့် ရုံတင်ပြသမှုစနစ် ပေါ်ပေါက်လာအောင် ဆောင်ရွက်ရန် လိုအပ်နေမှုအခြေအနေကို လည်းကောင်း၊ နိုင်ငံတော်အစိုးရက ရုပ်ရှင်ကဏ္ဍဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ပေးနေသည့် အခြေအနေများကို လည်းကောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ ရုပ်ရှင်ထုတ်လုပ်သူ လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများက ရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသရာတွင် ကြုံတွေ့ရသည့် အခက်အခဲများနှင့် ရုပ်ရှင်ဖွံ့ဖြိုးရေးဆိုင်ရာ ကဏ္ဍအသီးသီးကို ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယနေ့ နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် "ရုပ်ရှင်မြို့တော် စီမံကိန်း" အတွက် စိတ်ဝင်စားမှုအဆိုပြုလွှာ ပေးအပ်ထားသည့် လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ရုပ်ရှင်မြို့တော် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အနုပညာကို အခြေခံသည့် လုပ်ငန်းများကိုသာ ဦးစားပေး ဆောင်ရွက်ရန်နှင့် သတ်မှတ် စည်းမျဉ်းစည်းကမ်းများအတိုင်း ဆောင်ရွက်ပေးရန် ဆွေးနွေးပြောကြားသည်။

**သတင်းစဉ်**

# ကမ္ဘာ့သတင်းမီဒီယာကောင်စီအစည်းအဝေး တန်ဇန်းနီးယားနိုင်ငံ၌ ကျင်းပ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ တက်ရောက်ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၀**

တန်ဇန်းနီးယားနိုင်ငံ Arusha မြို့တွင် ကမ္ဘာ့သတင်းမီဒီယာကောင်စီ (WAPC) (World Association of Press Councils) ၏ အထွေထွေအစည်းအဝေးနှင့် 2nd Pan-African Media Councils' Summit 2025 ကို ဇူလိုင် ၁၄ ရက်မှ ၁၆ ရက်အထိ ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ တက်ရောက်ဆွေးနွေးသည်။

ညီလာခံသို့ တန်ဇန်းနီးယားနိုင်ငံ ဒုတိယသမ္မတ Dr. Philip Isdor Mpango နှင့် ဝန်ကြီးများ၊ အာဖရိက၊ အာရှနှင့် ဥရောပတိုက်တို့ရှိ နိုင်ငံပေါင်း ၃၀ ခန့်မှ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အိမ်ရှင်နိုင်ငံမှ သတင်းမီဒီယာသမားများ တက်ရောက်ကြပြီး ဒုတိယသမ္မတက အဖွင့်အမှာစကားပြောကြားသည်။ အစည်းအဝေးတွင် အခြားသော ကမ္ဘာ့သတင်းမီဒီယာကောင်စီဝင်များနှင့်အတူ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက မြန်မာနိုင်ငံမီဒီယာလောကနှင့် သတင်းမီဒီယာကောင်စီ၏ အခန်းကဏ္ဍကို ဆွေးနွေးပြောကြားသည်။

ညီလာခံတွင် ကမ္ဘာနှင့်အာဖရိကတိုက်နိုင်ငံများ၌ သတင်းမီဒီယာသမားများအတွက် သတင်းမီဒီယာဆိုင်ရာကျင့်ဝတ်နှင့် စည်းမျဉ်းစည်းကမ်းများ ချမှတ်ရေး၊ ကျင့်ဝတ်နှင့်ညီညွတ်၍ တာဝန်ယူမှု တာဝန်ခံမှုရှိသော သတင်းမီဒီယာသမားများအတွက် စာနယ်ဇင်းလွတ်လပ်ခွင့်ရရှိစေရေး၊ သတင်းတုသတင်းမှားများ လျော့နည်းပပျောက်စေရေးနှင့် AI (Artificial Intelligence) နည်းပညာကို မီဒီယာကဏ္ဍတွင် စနစ်တကျအသုံးချနိုင်စေရေး စသည်တို့ကို ဆွေးနွေးကြသည်။ ဇူလိုင် ၁၇ ရက်တွင် နိုင်ငံတကာမှ တက်ရောက်လာကြသူများ Arusha National Park အမျိုးသားသဘာဝဥယျာဉ်ကို လေ့လာကြသည်။



အစည်းအဝေးတွင် ကောင်စီအတွင်းရေးမှူး ဦးအေးချမ်းလည်း တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်ကုန်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပ

**တပ်ကုန်း ဇူလိုင် ၂၀**

နေပြည်တော် တပ်ကုန်းမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံဘာသာစကား သင်တန်း (MMKM Chinese Language Center) တို့ ပူးပေါင်းကျင်းပသော စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ဆွေးနွေးခြင်းကို ယနေ့ နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အဆိုပါ လူငယ်စကားဝိုင်းတွင် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်က စေ့စပ်ညှိနှိုင်းသူအဖြစ် ဆောင်ရွက်ပြီး အခြေခံဘာသာစကား သင်တန်း တည်ထောင်သူ ဆရာဦးအောင်ပြည့်ဖြိုးနှင့် မောင်ခန့်စည်သူ၊ မမေဖူးစံ၊ မပန်းအိဖြူတို့က ယနေ့ခေတ်ကိုဘာကြောင့် ပညာခေတ်လို့ ခေါ်ဆိုတာလဲ၊ ပညာခေတ်မှာ ပညာကို ဘယ်လိုအလေးထား သင်ယူသင့်သလဲ၊ ပညာသင်ယူရန် အခွင့်အလမ်းတွေကို ဘယ်လိုရှာရမလဲ၊ ပညာသင်ယူခြင်းကြောင့်ဘယ်လိုအကျိုးကျေးဇူးတွေ ရရှိနိုင်သလဲ စသည့်ခေါင်းစဉ်တို့ဖြင့် ပါဝင်ဆွေးနွေးကြသည်။



ထို့နောက် တက်ရောက်လာသည့် သင်တန်းသား သင်တန်းသူများက သိရှိလိုသည်များမေးမြန်းခဲ့ကြရာ စေ့စပ်ညှိနှိုင်းသူအဖြစ် ဆောင်ရွက်သော ဦးစီးအရာရှိနှင့် ပါဝင်ဆွေးနွေးသည့် သင်တန်းသား သင်တန်းသူများက ပြန်လည်ဖြေကြားပေးခဲ့ပြီး တာဝန်ရှိသူများက ပါဝင်ဆွေးနွေးသည့် သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

# ဝဇီရာရုပ်ရှင်ရုံနှင့်ပတ်သက်သည့် မှတ်တမ်းဓာတ်ပုံများ လှူဒါန်းပေးပို့ပေးပါရန် မေတ္တာရပ်ခံခြင်း

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ် ၃၂၇ တွင် တည်ရှိသည့် ဝဇီရာရုပ်ရှင်ရုံသည် ၁၉၂၃ ခုနှစ်ခန့်က တည်ဆောက်ခဲ့သည့် ရှေးဟောင်းရုပ်ရှင်ရုံဖြစ်ပြီး ၁၆ ရာစုမှ ၁၈ ရာစုအတွင်းရှိ ဗိသုကာအသွင်အပြင်များ ပေါင်းစပ်ထားသည့် Beaux Arts ဗိသုကာလက်ရာပုံစံများ၊ ရုပ်လုံးကြွများဖြင့် တန်ဆာဆင်တည်ဆောက်ထားသဖြင့် မြန်မာ့ရုပ်ရှင်သမိုင်းအတွက် ဂုဏ်ယူထိန်းသိမ်းထားရမည့် အဆောက်အအုံကြီးတစ်ခုဖြစ်ပါသည်။ ဝဇီရာရုပ်ရှင်ရုံကြီးသည် ရုပ်ရှင်၊ သဘင်၊ ဂီတ အနုပညာရှင်များက ရုပ်ရှင်ဇာတ်ကားများ၊ ပြဇာတ်များအား ပြည်သူများ အပန်းဖြေပျော်ရွှင်စေရန် တင်ဆက်ပြသခဲ့သည့် ရုပ်ရှင်ရုံကြီးဖြစ်သည့်အတွက် အနုပညာစိတ်ဝိညာဉ်များ ဆုံစည်းရာနေရာတစ်ခုလည်း ဖြစ်ပါသည်။

ယခုအခါ ဝဇီရာရုပ်ရှင်ရုံကြီးအား နိုင်ငံတော်အစိုးရက ဂုဏ်ပြုခံကဇာတ်ရုံကြီး(Red Carpet Theatre)အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပြီး အဆင့်မြှင့်တင်ဆောင်ရွက်ပြီးပါက ရုပ်ရှင်ရုံအဖြစ်သာမက ပြဇာတ်၊ ဇာတ်သဘင်၊ ရုပ်သေး၊ အက၊ ဂီတပွဲ၊ ဆွေးနွေးပွဲ၊ အစည်းအဝေးများ၊ သင်တန်းများ၊ စတူဒီယိုနှင့် အနုပညာဖန်တီးနိုင်သည့်နေရာများအဖြစ်ပါ အသုံးပြုနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဝဇီရာရုပ်ရှင်ရုံနှင့်ပတ်သက်သည့် အဆောက်အအုံဆိုင်ရာ အချက်အလက်များ၊ ပုံစံကားချပ်များ၊ ဖျော်ဖြေတင်ဆက်မှုနှင့် ကြည့်ရှုအားပေးမှုဆိုင်ရာ မှတ်တမ်းဓာတ်ပုံများအား မူရင်းဖြစ်စေ၊ မိတ္တူပွား၍ဖြစ်စေ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ ဆက်သွယ်လှူဒါန်းပေးပါရန် မေတ္တာရပ်ခံ အသိပေးအပ်ပါသည်။

**ဆက်သွယ်ရမည့်ပုဂ္ဂိုလ်များ**

- ဦးရဲလင်းမြင့်၊ ညွှန်ကြားရေးမှူး
  ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
  ၀၉ ၇၉၈၃၇၄၇၀၉၊ ၀၁၇ ၅၃၆၀၃၀
- ဦးချမ်းသာကြည်စိုး၊ တွဲဖက်အတွင်းရေးမှူး(၂)
  မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး
  ၀၉ ၇၆၅၂၆၂၆၇၉

# နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဇူလိုင် ၂၀**

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ဒေသအလိုက် မိုးကြီးမည်။

**မိုး/ဇလ**

## ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း စစ်ကိုင်းမြို့ပေါ်ရှိ ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး ဟိုတယ်နှင့်တည်းခိုရိပ်သာများ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၀

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည် ယနေ့ နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ပေါ်ရှိ ဝန်ကြီးဌာနပိုင် အဆောက်အအုံနှင့် မြေနေရာများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး နိုင်ငံပိုင်အဆောက်အအုံနှင့် ပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမဖြစ်ပေါ်စေရေး စနစ်တကျထိန်းသိမ်းထားရှိရန် တာဝန်ရှိသူများအား မှာကြားသည်။



ပြောကြား

ထို့နောက် ဟိုတယ်စစ်ကိုင်း၌ စစ်ကိုင်းမြို့ပေါ်ရှိ ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်းရှင်များ၊ ဟိုတယ်များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက ငလျင်ကြောင့် ရပ်တန့်သွားသော စစ်ကိုင်းမြို့၏ ခရီးသွားလုပ်ငန်းများ အမြန်ဆုံးပြန်လည်လည်ပတ်နိုင်ရေးအတွက် စစ်ကိုင်းမြို့ပေါ်ရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများ၏ လုပ်ငန်းဆောင်ရွက်မှုများ အဆင်ပြေစေရေးအတွက် ညှိနှိုင်းပေါင်းစပ်ပေးရန် လာရောက်တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ပြည်ပခရီးသွားတိုးတက်ဝင်ရောက်လာရေးအတွက် သာမက ပြည်တွင်းခရီးသွားတိုးတက်ရေးကိုပါ တစ်ပြိုင်နက်တည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ကြောင့် ထိခိုက်ဆုံးရှုံးခဲ့ရမှုများအပေါ် အမြန်ဆုံးပြန်လည်ထူထောင်လာရေးအတွက် တွန်းအားပေးဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသော လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများက ငလျင်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု အခြေအနေ၊ မွမ်းမံပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေ၊ လုပ်ငန်းများ လည်ပတ်နိုင်ရေးအတွက် လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပြန်လည်မွမ်းမံပြင်ဆင်လျက်ရှိသည့် စစ်ကိုင်းမြို့ပေါ်ရှိ ဟိုတယ်နှင့်တည်းခိုရိပ်သာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်ကြရန် မှာကြားကာ စစ်ကိုင်းမြို့ပေါ်ရှိ ခရီးသွားဆွဲဆောင်ရာနေရာများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## လှည်းကူးမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

လှည်းကူး ဇူလိုင် ၂၀

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော သွေးလွန်တုပ်ကွေးရောဂါအရှိန်အဟုန်မြှင့် ကာကွယ်နှိမ်နင်းရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းဦးက အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသောင်းဒန်ဦးက သွေးလွန်တုပ်ကွေးရောဂါနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို ဆွေးနွေးတင်ပြရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးတို့က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး တပ်ရင်းတပ်ဖွဲ့များသို့ အဘိတ်ဆေးများပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကျောက်ဖြူမြို့နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် ဇူလိုင် ၂၀

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင်တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုများနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။



ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံဝင်းအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကျုံပျော်မြို့နယ်၌ စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေးဟောပြော

ကျုံပျော် ဇူလိုင် ၂၀

မီးဘေးအန္တရာယ်ကြောင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်စိန်ဘွင့်၏ လမ်းညွှန်မှုဖြင့် စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်းကို ယမန်နေ့က အထောင်မြို့ အမှတ်(၂)ရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဆောင်ရွက်သည်။



ဟောပြောပွဲတွင် အထောင်နယ်မြေမီးသတ်စခန်း လက်ထောက်မီးသတ်ဦးစီးမှူး ဦးရဲလွင်ဦးက စာသင်ကျောင်းများတွင် မီးဘေးလုံခြုံရေးဆောင်ရွက်ထားရှိသင့်သည်များ၊ မီးသတ်ဆေးဘူးအကြောင်း သိကောင်းစရာနှင့် လက်တွေ့မီးငြှိမ်းသတ်နည်းများကို ဟောပြောဆွေးနွေးပြီး ဟောပြောပွဲသို့ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့



## ပုတောမြို့နယ်၌ မြေစာရင်း(အငြိမ်းစား)ဝန်ထမ်းပင်စင်စားများအား ဂါဝရပြုကန်တော့ပွဲကျင်းပ

ပုတော ဇူလိုင် ၂၀

ဧရာဝတီတိုင်းဒေသကြီး ပုတောမြို့နယ်မြေစာရင်းဦးစီးဌာန ဝန်ထမ်းမိသားစုများ၏ စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားနှင့်မြေစာရင်း(အငြိမ်းစား) ဝန်ထမ်းပင်စင်စားများအား ဂါဝရပြုကန်တော့ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်မြေစာရင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ဆရာတော်အရှင်သူမြတ်တို့ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး လှူဖွယ်ဝတ္ထုအစုစုတို့အား မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းဇင်နိုင်နှင့် ဝန်ထမ်းများက ဆရာတော်အရှင်သူမြတ်တို့ထံ ဆက်ကပ်လှူဒါန်းကြပြီး ပရိတ်တရားနာယူကြည်ညိုကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်းအမျှပေးဝေပြီး အရဏ်ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မြေစာရင်း(အငြိမ်းစား) ဝန်ထမ်းပင်စင်စားများအား ဂါဝရပြုကန်တော့ခြင်းအခမ်းအနားကျင်းပရာ မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းဇင်နိုင်နှင့် ဝန်ထမ်းများ တက်ရောက်ကာ မြို့နယ်မြေစာရင်းဦးစီးအရာရှိက အဖွင့်အမှာစကားပြောကြားပြီး ကန်တော့ခံမြေစာရင်း(အငြိမ်းစား) ဝန်ထမ်းပင်စင်စားများအား ပူဇော်ကန်တော့ခြင်းနှင့် ကန်တော့လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# “မြန်မာ့တန်ဖိုး... မြန်မာ့အနာဂတ်”
# (Myanmar’s Value – Myanmar’s Future)

**o—— မောင်မိုး ——o**

(ယမန်နေ့မှ အဆက်)

## အစမ်းသပ်ခံ မြန်မာ့တန်ဖိုး

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် တာဝန်ယူကျင်းပခဲ့သည့် အစိုးရနှင့် ရွေးကောက်ပွဲကော်မရှင်တို့သည် မဲဆန္ဒရှင်စာရင်းကို မမှန်ကန်သော နည်းလမ်းများဖြင့် မဲအရေအတွက်တိုးမြှင့်ခဲ့ခြင်း၊ အချို့သော မဲဆန္ဒနယ်များတွင် မဲပေးခြင်းလုပ်ငန်းစဉ်များကို ဥပဒေနှင့်မညီဘဲ ဆောင်ရွက်ခြင်း၊ မဲရလဒ်များကို မှတ်တမ်းတင်ရာတွင် ပွင့်လင်းမြင်သာမှုမရှိခြင်း စသည်တို့ကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်အာဏာကို မတရားနည်းဖြင့် ရယူရန် ကြိုးပမ်းခဲ့ကြသည်။ ဤအခြေအနေတွင် မြန်မာ့တပ်မတော်အနေဖြင့် အခြေခံဥပဒေပုဒ်မ ၄၁၇ အရ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ဒီမိုကရေစီစနစ်ကို ကာကွယ်ရန်အလို့ငှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးတာဝန်များကို လက်လွှဲယူပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ဒဏ်ရာရရှိသည့် ပြည်သူများအား ကြည့်ရှုအားပေးစဉ်။

တစ်ပြိုင်နက်တည်းတွင်ပင် ပယောဂမကင်းသော မူဝါဒကွဲပြားမှုများ၊ လူမျိုးရေး ကွဲပြားမှုများ၊ နိုင်ငံရေးစနစ် ကွဲပြားမှုများကို ပုံကြီးချဲ့ပြီး ပဋိပက္ခပိုမိုကြီးထွားအောင် ဆောင်ရွက်နေကြသည်ကိုလည်း မြင်တွေ့နေရပါသည်။ နိုင်ငံရေး မတည်ငြိမ်မှု၊ စီးပွားရေး စိန်ခေါ်မှုများနှင့် ကမ္ဘာလုံးဆိုင်ရာ ပြောင်းလဲနေသော အင်အားစုများကြောင့် မြန်မာနိုင်ငံသည် နိုင်ငံတကာအသိုင်းအဝိုင်းတွင် သိက္ခာရှိရှိ ရပ်တည်နိုင်ရေးအတွက် ရုန်းကန်နေရဆဲ ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့် ပဋိပက္ခများကြောင့် ဖြစ်ပေါ်လာသည့် နိုင်ငံရေးမတည်ငြိမ်မှုများကို နည်းလမ်းမျိုးစုံဖြင့် ကြိုးစားထိန်းသိမ်း ဆောင်ရွက်ကာ ရှေ့လုပ်ငန်းစဉ်များအတိုင်း မဆုတ်မနစ် ချီတက်လျက်ရှိပါသည်။ သို့ရာတွင် အမျိုးမျိုးသော သွေးထိုးလှုံ့ဆော်အားပေးအားမြှောက်မှုများကြောင့် ယနေ့ထက်တိုင် အကျိုးဆက်အနေဖြင့် ပြည်သူလူထု၏ စားဝတ်နေရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများအပါအဝင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များအပေါ် အနည်းနှင့်အများ ထိခိုက်စေခဲ့ပါသည်။ တစ်နည်းဆိုရသော် အခြေအနေအရပ်ရပ်ကြားတွင် မြန်မာ့တန်ဖိုးစံနှုန်းများ ဆေးရေးမေးမိန်ခဲ့ရပါသည်။



မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသည့် လွှတ်တော်အဆောက်အအုံကို တွေ့ရစဉ်။

နိုင်ငံရေး မတည်ငြိမ်မှုနှင့်အတူ မြန်မာနိုင်ငံ၏ခံနိုင်ရည်နှင့် ပြန်လည်ထူထောင်ရေး စွမ်းရည်ကို စမ်းသပ်ခဲ့သည့် ပြင်းထန်သော သဘာဝဘေးအန္တရာယ်များကိုလည်း ကြုံတွေ့ခဲ့ရသည်။ ယနေ့မျက်မှောက်ကာလတွင် ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်များကြောင့် ဖြစ်ပေါ်လာသည့် အစွန်းရောက် ရာသီဥတုဖြစ်စဉ်များကို ကမ္ဘာ့နိုင်ငံအားလုံးက ရင်ဆိုင်တွေ့ကြုံနေရပြီး မြန်မာနိုင်ငံမှာလည်း ၂၀၂၃ ခုနှစ် မေလမှာ ‘မိုခါ’မုန်တိုင်းဘေး၊ ၂၀၂၄ ခုနှစ် စက်တင်ဘာလမှာ ‘ရာဂီ’ မုန်တိုင်း၏ အကြွင်းအကျန် တိမ်တိုက်များကြောင့် ရေကြီးရေလျှံဘေးများကို ရင်ဆိုင်ကျော်လွှားခဲ့ကြရပါသည်။

ထို့အတူ ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့ မွန်းလွဲပိုင်း၌ အင်အား ၇ ဒသမ ၇ ရစ်(ချ်)တာစကေးရှိ လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် အယုတ်အလတ်အမြတ်မရွေး၊ ဆင်းရဲချမ်းသာမရှိ၊ လူမျိုးဘာသာ အသွေးအရောင်မခွဲခြား၊ အသက်အရွယ်မပိုင်းခြား၊ နိုင်ငံရေး အရောင်အသွေးမသိ နိုင်ငံတစ်ဝန်းရှိ သက်ရှိလူသားအားလုံးနှင့် တိရစ္ဆာန်များအပေါ် သက်ရောက်မှုကြီးမားစွာ ဖြစ်ပေါ်ခဲ့ရပါသည်။ ငလျင်ဘေးသင့်ဒေသများမှ ပြည်သူများ၏ လူမှုစီးပွားဘဝများ၊ အခြေခံအဆောက်အအုံ၊ လမ်း၊ တံတားအပါအဝင် အမြတ်တနိုး တန်ဖိုးထား ကိုးကွယ်ရာဖြစ်သည့် ဘုရား၊ စေတီ၊ ကျောင်း၊ ကန်၊ ပုထိုးတွေ များစွာမြေခလဲပြိုခဲ့ရမှုအပေါ် နိုင်ငံသားများအနေဖြင့် ယူကျုံးမရ မျက်ရည်မဆည်နိုင် ဖြစ်ခဲ့ကြရသည်။ ဤသည်မှာလည်း သဘာဝတရားကြီးက မြန်မာ့တန်ဖိုးများအပေါ် စမ်းသပ်လိုက်ခြင်းပင်ဖြစ်သည်။

ငလျင်လှုပ်ခတ်ပြီးချိန်မှစ၍ နိုင်ငံတော်အကြီးအကဲနှင့် အစိုးရအဖွဲ့များသည် ချက်ချင်းလှည့်လည်ကြည့်ရှုကာ ပျက်စီးမှုဒဏ်သင့်ဒေသများသို့ အရေးပေါ်အကူအညီများပေးပို့ခဲ့ပြီး ပြည်တွင်းနှင့် နိုင်ငံတကာ ကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်းကာပိတ်မိနေသူများကို အမြန်ဆုံး ကယ်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ ဒုက္ခသည်များအား ယာယီခိုလှုံရန် စခန်းများဖွင့်လှစ်ပေးခဲ့ခြင်းနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဆင့်လိုက် စနစ်တကျ ဆောင်ရွက်ခဲ့ရာ ပထမအဆင့်တွင် ပျက်စီးသောလမ်းများ၊

**စာမျက်နှာ ၇ သို့** ❑

**“ အာဆီယံနှင့် နိုင်ငံတကာအဖွဲ့အစည်းများထံမှ အကူအညီများကို လက်ခံရယူကာ နည်းပညာ၊ ကျွမ်းကျင်မှုနှင့် ငွေကြေးအထောက်အပံ့များရရှိအောင် ဆောင်ရွက်ခဲ့သည်။ နိုင်ငံတကာမီဒီယာများတွင် မြန်မာပြည်သူများ၏ စည်းလုံးညီညွတ်မှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်းကို မီးမောင်းထိုးပြခဲ့သည်။ ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးအတွက် ငလျင်ဒဏ်ခံနိုင်ရည်ရှိသော အဆောက်အအုံများတည်ဆောက်ရန် စံချိန်စံညွှန်းများ ပြန်လည်သတ်မှတ်ခဲ့ပြီး သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် သင်တန်းများပို့ချခဲ့ ”**



မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသည့် တံတားကို တွေ့ရစဉ်။

❑ စာမျက်နှာ ၆ မှ

တံတားများနှင့် အခြေခံအဆောက်အအုံများကို အရေးပေါ်ပြုပြင်မှုများ ပြုလုပ်ခဲ့ပြီး ဒုတိယအဆင့်တွင် ဆက်သွယ်ရေးလိုင်းများ၊ လျှပ်စစ်နှင့် ရေသွယ်စနစ်များကို ပြန်လည်ဖော်ဆောင်ခဲ့သည်။ တတိယအဆင့်အနေဖြင့် အန္တရာယ်ရှိအဆောက်အအုံများကို ဖြိုဖျက်ကာ ရေရှည်တည်တံ့သော ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို စတင်ခဲ့သည်။

အာဆီယံနှင့် နိုင်ငံတကာအဖွဲ့အစည်းများထံမှ အကူအညီများကို လက်ခံရယူကာ နည်းပညာ၊ ကျွမ်းကျင်မှုနှင့် ငွေကြေးအထောက်အပံ့များ ရရှိအောင် ဆောင်ရွက်ခဲ့သည်။ နိုင်ငံတကာမီဒီယာများတွင် မြန်မာပြည်သူများ၏ စည်းလုံးညီညွတ်မှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်းကို မီးမောင်းထိုးပြခဲ့သည်။ ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးအတွက် ငလျင်ဒဏ်ခံနိုင်ရည်ရှိသော အဆောက်အအုံများ တည်ဆောက်ရန် စံချိန်စံညွှန်းများ ပြန်လည်သတ်မှတ်ခဲ့ပြီး သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် သင်တန်းများပို့ချခဲ့သည်။ ဘာသာရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ပြန်လည်တည်ဆောက်ရာတွင် ပြည်သူများ၏စိတ်ဓာတ်ကို


မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသည့် ဘုရားစေတီတစ်ဆူ။

မြှင့်တင်ပေးခဲ့ပြီး ငလျင်ဒဏ်သင့်ပြည်သူများအတွက် စိတ်ပိုင်းဆိုင်ရာ ခွန်အားများ ရရှိစေခဲ့သည်။

**“၇ ဒသမ ၇ ရစ်(ချ်)တာစကေးပြင်းအားရှိ ငလျင်ကြီးသည် အုတ်၊ သဲ၊ ကျောက်၊ သံမဏိများနဲ့ အခိုင်အမာတည်ဆောက်ထားရှိတဲ့ လမ်း၊ တံတား၊ အဆောက်အအုံတွေကိုအတုံးအရုံးလဲကျအောင် ဖြိုလှဲနိုင်ခဲ့ပေမယ့် မြန်မာတို့ရဲ့ စိတ်ဓာတ်ကိုတော့ ယိမ်းယိုင်လဲကျသွားအောင် လှုပ်ခတ်မစွမ်းဆောင်နိုင်ခဲ့ပါဘူး”**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုများကို အမြန်ဆုံးပြန်လည်ကုစားရန်နှင့် အနာဂတ်တွင် ပိုမိုကောင်းမွန်သော လူမှုစီးပွားစနစ်ကို တည်ဆောက်ရန် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

တစ်ပြိုင်နက်တည်းတွင်ပင် နိုင်ငံရေးစိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် နိုင်ငံတော်အစိုးရသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလည်း ဆက်လက်အကောင်အထည်ဖော်လျက် ရှိသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင်၍ ထာဝရငြိမ်းချမ်းရေးကို ရှေးရှုကာ တပ်မတော်မှ တစ်ဖက်သတ် အပစ်အခတ်ရပ်စဲပေးခဲ့မှုများ အကြိမ်ရေများစွာရှိခဲ့ပြီး မတ်လ ၂၈ ရက်နေ့ မန္တလေးငလျင်ကြီး လှုပ်ခတ်အပြီးတွင်လည်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများအပေါ် အားသွန်ခွန်စိုက် ပြုလုပ်နိုင်ရန်နှင့် ပြည်သူများ၏ အကျိုးစီးပွားအတွက်


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသည့် ဘုရားစေတီနှင့် အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးစဉ်။

အထူးအထူးကိစ္စရပ်အနေဖြင့် တပ်မတော်မှအပစ်အခတ်ရပ်စဲရေး ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် ၂၀၂၅ ခုနှစ် မတ်လအတွင်း ငြိမ်းချမ်းရေးစကားဝိုင်း (Peace Talk-2025) နှင့် ဇွန်လအတွင်း ငြိမ်းချမ်းရေးဖိုရမ် (Peace Forum-2025) ကို ကျင်းပခဲ့ရာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဝင်များ၊ တပ်မတော်အငြိမ်းစားအရာရှိကြီးများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများ၊ နိုင်ငံတကာမှ ဧည့်သည်တော်များ၊ နိုင်ငံခြားသံရုံးအသီးသီးမှ သံတမန်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ မီဒီယာများ၊ ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ အသင်းအဖွဲ့ကိုယ်စားလှယ်များနှင့် လေ့လာသူများ စသည့် အလွှာစုံအစုအဖွဲ့အသီးသီးမှ တက်ရောက်ဆွေးနွေး ဆောင်ရွက်မှုများကိုကြည့်ခြင်းဖြင့် အစိုးရနှင့် ပြည်သူများက ငြိမ်းချမ်းမှုရရှိရေးအတွက် မည်မျှဆန္ဒပြင်းပြလျက်ရှိကြောင်း တွေ့မြင်ရမည်ဖြစ်သည်။ ထို့ကြောင့်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ငြိမ်းချမ်းရေးစကားဝိုင်းများတွင်-

“ငြိမ်းချမ်းရေးမူဝါဒတွေဟာ NCA **စာချုပ်ရဲ့ အနှစ်သာရတွေဖြစ်သလို ခေတ်အဆက်ဆက် ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်မှုတွေကရရှိလာတဲ့ “အသိတရား” တွေဖြစ်ပြီး လက်ရှိငြိမ်းချမ်းရေးတည်ဆောက်မှု ခိုင်မြဲစေဖို့အတွက် လိုက်နာလုပ်ဆောင်ရမယ့် “အရိုတရား” တွေ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ အန္တိမမျှော်မှန်းထားတဲ့ ရည်မှန်းချက်ကတော့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ “ပြည်ထောင်စုနိုင်ငံ” ထူထောင်နိုင်ဖို့ဖြစ်ပါတယ်”** ဟု အလေးအနက်ထားပြောကြားခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်ရာ **လက်ရှိ မြန်မာနိုင်ငံ ရင်ဆိုင်ကြုံတွေ့နေရသည့် သဘာဝဘေးဒဏ်များ၊ ပြည်ထောင်စုကြီးပြိုကွဲရန် ပြည်တွင်း၊ ပြည်ပအဖျက်အမှောင့်လုပ်ရပ်များအားလုံးကို ကျော်လွှား၍ အစိုးရ၊ တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံးက“မီးလျှံကြားမှ ဇာမဏီငှက်” ကဲ့သို့ အတူရုန်းထကြိုးပမ်းဆောင်ရွက်ကာ ပြည်ထောင်စုစိတ်ဓာတ်တန်ဖိုးကို ခိုင်မာအားကောင်းစေရန် မြှင့်တင်ရင်း ပိုမိုကောင်းမွန်သော အနာဂတ်တစ်ခုဆီသို့ ချောမွေ့အောင်မြင်စွာ အသွင်ကူးပြောင်းနိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိပါသည်။**

## မြန်မာ့အနာဂတ် (Myanmar’s Future)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် “မိမိကိုယ်ကို အားကိုးခြင်းမူဝါဒ (Self Reliance Policy)” ကို အခြေခံ၍ ပြည်သူများနှင့်အတူ အနာဂတ်ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို ရည်မှန်းတည်ဆောက်လျက်ရှိပါသည်။ **ထို့အပြင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း “လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ်” ကျင်းပ၍ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုကြီးဆီသို့ဦးတည်လျှောက်လှမ်းလျက်ရှိပါသည်။ ရွေးကောက်ပွဲများမှတစ်ဆင့် ပေါ်ထွက်လာမည့် ပါတီစုံဒီမိုကရေစီနိုင်ငံရေးစနစ်သည် အာဏာခွဲဝေကျင့်သုံးခြင်း (Power Sharing)၊ သယံဇာတခွဲဝေခြင်း (Resource Sharing) အစရှိသည်တို့ကို လွှတ်တော်များမှတစ်ဆင့် ကျင့်သုံးဆောင်ရွက်နိုင်ခြင်းက ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက်လည်း ကြီးမားသော အထောက်အပံ့ဖြစ်စေမည် ဖြစ်ပါသည်။**

ယခုကျင်းပမည့် ရွေးကောက်ပွဲသည် နိုင်ငံသားအားလုံးအတွက် နိုင်ငံရေးဖြစ်စဉ်တစ်ခုထက်ပိုသော မျှော်လင့်ချက်များကိုဆောင်ကြဉ်းလာမည်ဖြစ်ပါသည်။ မြန်မာတို့၏ အမျိုးသားရေး စရိုက်လက္ခဏာနှင့် တန်ဖိုးများကို ပြန်လည်မြှင့်တင်နိုင်မည်ဖြစ်ပြီး အခွင့်အလမ်းများဖြင့် ပြည့်နှက်နေသော မြန်မာ့အနာဂတ်ကိုပုံဖော်ရန် ကတိကဝတ်လည်း ဖြစ်ပါသည်။ ရွေးကောက်ပွဲမှတစ်ဆင့် မြန်မာနိုင်ငံသည် တင့်တယ်စွာ၊ တန်ဖိုးသိစွာ၊ ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်မှုကို ကမ္ဘာ့အလယ်တွင် ထင်ဟပ်ပြသနိုင်မည်ဖြစ်ပါသည်။ မေးမှိန်သယောင်၊ ညှိုးနွမ်းသယောင်ဖြစ်နေသည့် မြန်မာ့တန်ဖိုးများကို အရောင်တင်ခြင်းဖြင့် မြန်မာ့အနာဂတ်ကို ပုံဖော်ခြယ်သရမည်ဖြစ်ပါသည်။ မြန်မာ့တန်ဖိုးမြှင့်တင်ရေးကဏ္ဍ(Myanmar’s Value)နှင့် မြန်မာ့ဒီမိုကရေစီ ဖော်ဆောင်ရေးကဏ္ဍသည် အနှစ်သာရအားဖြင့်လည်း ထပ်တူကျလျက်ရှိပါသည်။

လက်ရှိ အခြေအနေများအရ ရွေးကောက်ပွဲကျင်းပခြင်းကို ထွက်ပေါက်ဟု မယူဆနိုင်ပါ။ လာမည့်ရွေးကောက်ပွဲသည် အနာဂတ်ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီးဆီသို့ ချီတက်ရာ မုခ်ဦးတံခါးဝတစ်ခုဟု ဆိုနိုင်ပါသည်။ ရွေးကောက်ပွဲ ပင်မတံခါးကြီးကို ဖွင့်လှစ်ဝင်ရောက်ပြီး ပဋိပက္ခမှန်သမျှ နိုင်ငံရေးစားပွဲဝိုင်းများအပေါ်တွင် ဖြေရှင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ဖော်ဆောင်ကာ ညီညွတ်မှုကို တည်ဆောက်ရင်း မြန်မာ့တန်ဖိုးများကို မြှင့်တင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ အစီအရီအသင့်ရှိနေကြမည့်ပုံရိပ်ကို လှမ်းမျှော်ကြည့်နိုင်ပါသည်။ ယခုလာမည့် ရွေးကောက်ပွဲသည် အနာဂတ်မြန်မာနိုင်ငံ၏ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုလမ်းမကြီးဆီသို့ ချိတ်ဆက်ပေးမည့် ပေါင်းကူးတံတားကြီးပင်ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုလျှင် မြန်မာတစ်မျိုးသားလုံး၏ မျှော်လင့်ချက်များ စုစည်းပေါင်းဆုံရာ ပြည်ထောင်စုအိမ်ကြီး၏ ဝင်ပေါက်တစ်ခု (Gateway to Democracy) ဟုလည်း ဆိုနိုင်ပါသည်။ **စာမျက်နှာ ၈ သို့** ❑

**“လက်ရှိ မြန်မာနိုင်ငံ ရင်ဆိုင်ကြုံတွေ့နေရသည့် သဘာဝဘေးဒဏ်များ၊ ပြည်ထောင်စုကြီး ပြိုကွဲရန် ပြည်တွင်း၊ ပြည်ပ အဖျက်အမှောင့်လုပ်ရပ်များအားလုံးကို ကျော်လွှား၍ အစိုးရ၊ တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံးက “မီးလျှံကြားမှ ဇာမဏီငှက်” ကဲ့သို့ အတူရုန်းထကြိုးပမ်းဆောင်ရွက်ကာ ပြည်ထောင်စုစိတ်ဓာတ်တန်ဖိုးကို ခိုင်မာအားကောင်းစေရန်မြှင့်တင်ရင်း ပိုမိုကောင်းမွန်သော အနာဂတ်တစ်ခုဆီသို့ ချောမွေ့အောင်မြင်စွာ အသွင်ကူးပြောင်းနိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိ”**

❑ စာမျက်နှာ ၇ မှ

## မြန်မာ့လမ်းကြောင်း... မြန်မာ့အနာဂတ် (Myanmar's Way–Myanmar's Future)

မြန်မာ့အနာဂတ်သို့ လျှောက်လှမ်းရာလမ်းကြောင်းသည် လွယ်ကူသောလမ်းမဟုတ်ပေ။ သို့ဖြစ်ရာ အခက်အခဲများနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ရင်း အခွင့်အလမ်းများ ဖော်ထုတ်အသုံးပြုနိုင်ရေးအတွက် အားသွန်ခွန်စိုက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ မြန်မာ့အနာဂတ်ကို အကောင်အထည်ဖော်တည်ဆောက်ရာတွင် ဦးစွာလွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးသည် အလွန်အဓိကကျနေပါသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၅ ခုနှစ် ဇွန်လအတွင်း ကျင်းပခဲ့သည့် ငြိမ်းချမ်းရေးဖိုရမ် (Peace Forum – 2025) ၌ အဖွင့်အမှာစကားပြောကြားစဉ်။

အနာဂတ်အစီအမံများကို လက်တွေ့အကောင်အထည်ဖော်နိုင်ရေး မြန်မာ့လမ်းကြောင်းကို လျှောက်လှမ်းရာတွင် သမိုင်းတန်ဖိုး၊ နိုင်ငံရေးတန်ဖိုး၊ စီးပွားရေးတန်ဖိုး၊ ပထဝီဗဟိုချက်တန်ဖိုး၊ ဘာသာ၊ သာသနာ ယဉ်ကျေးမှုတန်ဖိုး၊ လူမှုရေးတန်ဖိုးနှင့် ပြည်ထောင်စုစိတ်ဓာတ်တန်ဖိုးများကို ချစ်ခင်မြတ်နိုးတန်ဖိုးထားတတ်ခြင်းနှင့်အတူ ပြည်သူတစ်ဦးချင်းစီ၏ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လိုစိတ်၊ တာဝန်ယူလိုစိတ်၊ စည်းလုံးညီညွတ်မှုနှင့် ကြံ့ကြံ့ခံနိုင်သောစွမ်းအားများဖြင့် ပြည်ထောင်စုကြီးခိုင်မာအားကောင်းစေရန် စုစည်းပုံဖော်တည်ဆောက်သွားရန် လိုအပ်ပါသည်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးလျှောင်ကြီးကြောင့် အဆောက်အအုံများအောက်တွင် ပိမိနေသည့် ပြည်သူများအား သွားရောက်ကြည့်ရှုစဉ်။

သို့ဖြစ်၍လည်း ၂၀၂၅ ခုနှစ် မတ်လအတွင်း ကျင်းပပြုလုပ်ခဲ့သည့် "၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲ" တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က **"မိမိတို့အနေဖြင့် အခွင့်အလမ်းများရှိသကဲ့သို့ စိန်ခေါ်မှုများလည်းရှိကြောင်း၊ အဆိုပါစိန်ခေါ်မှုများကို နည်းလမ်းပေါင်းစုံဖြင့်ကျော်လွှားပြီး နိုင်ငံတိုးတက်ရေးကို ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသားများအနေဖြင့် ယနေ့မှစပြီး "မြန်မာ့အနာဂတ်ဘဝလှပဖို့–မြန်မာ့တန်ဖိုးမြှင့်ကြစို့"** ဟု လေးနက်စွာ တိုက်တွန်းပြောကြားခဲ့ပါသည်။

ယနေ့ မြန်မာနိုင်ငံသည် လေပြင်းမုန်တိုင်းများ ကင်းစင်ချိန်တွင် ပေါ်ထွက်လာသည့် သက်တံ့ကြီးပမာ အရောင်အသွေးစုံလင်မျှတမှုကို ရေးရှု၍ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်သော မြန်မာ့အနာဂတ်ဆီသို့ လှမ်းချီရမည့် အချိန်အခါပင်ဖြစ်ပါသည်။ သို့ဖြစ်ရာ "သမိုင်းအစဉ်အလာကြီးမားခဲ့သည့် မြန်မာ့တန်ဖိုးနှင့် မြန်မာ့ပထဝီအနေအထား၏ အရေးပါစွာ တည်ရှိနေမှုများကို အရာရောက်... ဖြစ်မြောက်အောင်မြင်သည်အထိ ပုံဖော်တည်ဆောက်နိုင်ရေးနှင့် နိုင်ငံတကာအလယ်တွင် အောက်တန်းနောက်တန်း မကျစေရေးတို့အတွက် မျိုးချစ်စိတ်နှင့်အတူ တက်ကြွသော နိုင်ငံသား (Active Citizen) စိတ်ဓာတ်များဖြင့် မေးမှိန်ပျောက်ကွယ်လုနီးဖြစ်နေသော "မြန်မာ့တန်ဖိုး" များကို မြှင့်တင်ရင်း အနာဂတ် နေ့သစ်များဆီသို့ အတူတကွ ပေါင်းစည်းချီတက်ကြရမည့် အချိန်အခါသမယ ဖြစ်ပါကြောင်း...." ။ ။

## (၆၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် ( ကြည်း၊ ရေ၊ လေ) သေနတ်ပစ်ပြိုင်ပွဲ ပိတ်ပွဲနှင့်ဆုပေးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၀

(၆၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) သေနတ်ပစ်ပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းက တပ်မတော် စက်ပစ်ကွင်း (ပြင်ဦးလွင်)၌ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။



ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ကြပြီး တပ်မတော်ပစ်ခတ်စဉ် (အမျိုးသား) ပစ်ခတ်စဉ်တွင် ဒိုင်းဆုရရှိသော အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ ဒုတိယရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်း၊ တတိယရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ တပ်မတော်ပစ်ခတ်စဉ် (အမျိုးသမီး) ပစ်ခတ်စဉ်တွင် ဒိုင်းဆုရရှိသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ ဒုတိယရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စခန်းမှူးရုံး ကိုယ်စားပြုအသင်း၊ တတိယရရှိသော အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ အပြည်ပြည်ဆိုင်ရာ ပစ်ခတ်စဉ်တွင် ဒိုင်းဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြုအသင်း၊ ဒုတိယရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ တတိယရရှိသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ ရိုင်ဖယ်လက်ဖြောင့်ပွဲစဉ်တွင် စံချိန်သစ်တင်ဆုရရှိခဲ့သည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ ရိုင်ဖယ်(အမျိုးသား) ပွဲစဉ်(၂)တွင် စံချိန်သစ်တင် ဆုရရှိခဲ့သည့် နေပြည်တော် တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် တံခွန်စိုက်ဒိုင်းဆုရရှိသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့အား တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကိုယ်စား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက တံခွန်စိုက်ဒိုင်းဆုကြီး၊ ပစ်ခတ်စဉ်ဒိုင်းဆု၊ အမှတ်တရဒိုင်းငယ်နှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါ သေနတ်ပစ်ပြိုင်ပွဲကို တပ်မတော် ( ကြည်း၊ ရေ၊ လေ) မှ ပြိုင်ပွဲဝင်အသင်း ( ၁၈ )သင်းဖြင့် ၂၀၂၅ ခုနှစ် ဇူလိုင် ၇ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ပစ်ခတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရေတာရှည်မြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ဗီနိုင်းချိတ်ဆွဲထားရှိမှု ကွင်းဆင်းစစ်ဆေး

ရေတာရှည် ဇူလိုင် ၂၀

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချသောဆိုင်များတွင် အခွန်ဆိုင်ရာအသိပညာပေးကြေညာချက်နှင့်ပတ်သက်၍ အများပြည်သူသိရှိနိုင်ရေး ဗီနိုင်းချိတ်ဆွဲခြင်းကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ရေတာရှည်မြို့နယ် အခွန်ဦးစီးဌာနမှူး ဦးမြင့်သိန်းက ဦးဆောင်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့နှင့်ပူးပေါင်း၍ ရေတာရှည်မြို့နယ်အတွင်းရှိ ပြေစာကပ်နှိပ်သောဆိုင်များတွင် နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ပေးဆောင်ပါ ဟူသော ကြေညာချက်ဗီနိုင်းကို ပြည်သူများကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး ချိတ်ဆွဲခြင်းရှိ၊ မရှိ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# နောင်ချိုမြို့၌ တပ်မတော်ဆေးတပ်ဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများက ဒေသခံပြည်သူများအား ဆေးကုသပေး

နောင်ချို ဇူလိုင် ၂၀

တပ်မတော်အနေဖြင့် ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် တိုင်းစစ်ဌာနချုပ်နယ်မြေများအလိုက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေးကို ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် တောင်ခမ်းဒေသတစ်ဝိုက်နှင့် နောင်ချိုမြို့တို့ကို ဇူလိုင် ၁၆ ရက်တွင် တပ်မတော်ကအပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုအပေါ် နောင်ချိုမြို့ ဒေသခံတိုင်းရင်းသားပြည်သူများက ဝမ်းမြောက်အားပေး ထောက်ခံကြိုဆိုလျက်ရှိသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး နိုင်နိုင်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ အစည်းများမှ တာဝန်ရှိသူများသည် ယမန်နေ့က နောင်ချိုမြို့သို့ သွားရောက်၍ ဒေသခံတိုင်းရင်းသားပြည်သူများလိုအပ်သည့် ကူညီထောက်ပံ့ရေးပစ္စည်းများ၊ စားသောက်ဖွယ်ရာများ၊ အသုံးအဆောင်ပစ္စည်းများကို ပေးအပ်ခဲ့ကြသည်။



ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ နောင်ချိုမြို့ သာသနာနှစ်ထောင့်ငါးရာစေတီတော်သို့ သွားရောက်၍ ပန်း၊ ရေချမ်း၊ ဆီမီးဆက်ကပ်လှူဒါန်းကာ စေတီတော်အားဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နောင်ချိုမြို့ မြို့ဦးကျောင်းတိုက်သို့ သွားရောက်၍ နောင်ချိုမြို့ပေါ်ရှိ ဆရာတော်ကြီး ၁၀ ပါးအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူငွေများ၊ ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နောင်ချိုမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး နောင်ချိုပညာရေးမှူးရုံးကို သွားရောက်စစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ နောင်ချိုမြို့ ဗုဒ္ဓသာသနာ့ရောင်ခြည်ဗိမာန်တော်တွင် တပ်မတော်ဆေးတပ်ဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများက ဒေသခံပြည်သူများအား ဆေးကုသပေးနေမှုကိုကြည့်ရှုပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နောင်ချိုမြို့ မြို့တော်ခန်းမ သန့်ရှင်းရေးဆောင်ရွက်နေမှုကိုလည်းကောင်း၊ သောင်းကျန်းသူများ၏ အဖျက်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးသွားသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် နောင်ချိုရဲစခန်းတို့ကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်းသိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# နောင်ချို- ကျောက်ကြမ်း-အုမ္မခါး-အုမ္မသီး-ပြင်ဦးလွင်-မန္တလေး လမ်းကြောင်းကြီး ပြန်လည်ဖွင့်လှစ်နိုင်မှုနှင့်အတူ တည်ဆောက်ရေးလုပ်ငန်းများ၌အသုံးပြုမည့် ဘိလပ်မြေများကို ဒေသတွင်းသို့ လျင်မြန်စွာပို့ဆောင်

နေပြည်တော် ဇူလိုင် ၂၀

တပ်မတော်အနေဖြင့် ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် တိုင်းစစ်ဌာနချုပ်နယ်မြေများအလိုက်အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation)များကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၆ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် တောင်ခမ်းဒေသတစ်ဝိုက်နှင့် နောင်ချိုမြို့တို့ကို တပ်မတော်ကအပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။



အကြမ်းဖက်သမားများ တောင်ခမ်းဒေသတစ်ဝိုက်နှင့် နောင်ချိုမြို့နယ်တို့အား ယာယီထိန်းချုပ်ထားစဉ် ဒေသခံပြည်သူလူထုအနေဖြင့် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများကို ပစ်ပယ်ကာ ယာယီနေရပ်စွန့်ခွာခဲ့ရပြီး ပြည်သူလူထုတို့၏ လူမှုစီးပွားဘဝများ နိမ့်ကျခဲ့ရသည်။

ထို့ပြင် အကြမ်းဖက်သမားများအနေဖြင့် နောင်ချို-ကျောက်ကြမ်း-အုမ္မခါး-အုမ္မသီး လမ်းကြောင်းအား ထိန်းချုပ်၍ ဒေသတွင်း ကုန်စည်စီးဆင်းမှုများ ရပ်တန့်အောင်လုပ်ဆောင်ခဲ့ကြသည်။ ထိုသို့လုပ်ဆောင်ခဲ့မှုကြောင့် နောင်ချိုမြို့၏ အနောက်မြောက်ဘက် ခုနစ်မိုင်ခန့်အကွာ လောင်ဖန်းကျေးရွာအနီးရှိ Crown ဘိလပ်မြေစက်ရုံမှ နေ့စဉ်ထုတ်လုပ်လျက်ရှိသော ဘိလပ်မြေများကို မန္တလေးလျှောက်ကြီးကြောင့် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်စဉ်က လိုအပ်လျက်ရှိသောနေရာများသို့ လွယ်ကူလျင်မြန်စွာ ပေးပို့နိုင်ခြင်းမရှိသဖြင့် ပြည်သူလူထုအနေဖြင့် ဘိလပ်မြေများကို ဈေးနှုန်းမြင့်မားစွာ ဝယ်ယူသုံးစွဲနေရကြောင်း သိရသည်။

ယခုအခါ တပ်မတော်အနေဖြင့် တောင်ခမ်းဒေသတစ်ဝိုက်နှင့် နောင်ချိုမြို့ နယ်တို့ကို ထိန်းချုပ်နိုင်ခဲ့ပြီး နောင်ချို-ကျောက်ကြမ်း- အုမ္မခါး-အုမ္မသီး-ပြင်ဦးလွင် -မန္တလေး လမ်းကြောင်းကြီးကို ပြန်လည်ဖွင့်လှစ်ပေးနိုင်သောကြောင့် ကုန်စည်စီးဆင်းမှုများ လွယ်ကူစွာစီးဆင်းနိုင်ခဲ့ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တစိုက်မတ်မတ်လုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် ဒေသခံပြည်သူလူထုအနေဖြင့်လည်း ၎င်းတို့၏နေရပ်ဒေသသို့ စိတ်အေးချမ်းသာစွာ ပြန်လည်ဝင်ရောက်လာကြပြီး နေ့စဉ်လူမှုစီးပွားဘဝကိုအေးချမ်းစွာ ပြန်လည်ဖော်ဆောင် လုပ်ကိုင်နိုင်တော့မည်ဖြစ်သည်။



တပ်မတော်အနေဖြင့် အဆိုပါလမ်းကြောင်းကြီးအား ပြန်လည်ဖွင့်လှစ်ပေးနိုင်သောကြောင့် ယနေ့တွင်လည်း Crown ဘိလပ်မြေစက်ရုံမှ ဘိလပ်မြေများ တင်ဆောင်လာသော ယာဉ် ၅၉ စီးသည် တစ်စီးလျှင် ၃၃ တန်ဖြင့် စုစုပေါင်း ၁၉၄၇ တန် (စုစုပေါင်း ဘိလပ်မြေအိတ် ၃၆၅၈၀)တို့ကို မန္တလေးမြို့နယ်သို့ သွားရောက်ပို့ဆောင်ပေးနေပြီဖြစ်ပြီး ယင်းသို့ ဘိလပ်မြေများ ပြန်လည်ပို့ဆောင်ပေးနိုင်မှုကြောင့် မန္တလေးငလျင်ကြီးလှုပ်ခတ်ရာတွင် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သော လူနေအဆောက်အအုံများ၊ လမ်း၊ တံတားများ၊ စေတီ၊ ပုထိုးများ တည်ဆောက်မှုနှင့် အခြားတည်ဆောက်ရေးလုပ်ငန်းများတွင် အဓိကလိုအပ်ချက်ဖြစ်သော ဘိလပ်မြေများကို ပြည်သူလူထုအနေဖြင့် ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူသုံးစွဲနိုင်တော့မည်ဖြစ်သည်။

**အဘက်ဘက်မှ ကူညီလုပ်ဆောင်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းရှိ ပြည်သူလူထု၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားအောင် အဘက်ဘက်မှ ကူညီလုပ်ဆောင်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း ပြည်သူလူထု စိတ်အေးချမ်းသာစွာနေထိုင်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ အကြမ်းဖက်သမားများ၏ အကြမ်းဖက်မှုအန္တရာယ်မှ ကင်းဝေးအောင် လိုအပ်သောလုံခြုံရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ရာသီပြည့်သီးနှံစိုက်ပျိုးနိုင်ရေး တောင်သူများနှင့် တွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၂၀**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် ရှားစေးဖိုကျေးရွာ ကွင်းအမှတ် (၁၆၂၀) ယာယီရှင်းလင်းဆောင်တွင် တောင်သူများနှင့်တွေ့ဆုံ၍ မျိုး၊ မြေ၊ ရေ၊ နည်း နည်းလမ်းများနှင့်အညီ စနစ်တကျ စိုက်ပျိုးရေး၊ မိုး၊ ဆောင်း၊ နွေရာသီပြည့်သီးနှံများ စိုက်ပျိုးနိုင်ရေး၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝမြေဩဇာကို အဓိကထားသုံးစွဲရေးနှင့် တောင်သူများ သဘာဝမြေဩဇာကို ကိုယ်တိုင်ပြုလုပ်သုံးစွဲနိုင်ရေး၊ မြေပြုပြင်ရာတွင် စံချိန်မီအောင် ပြုပြင်နိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သော မျိုးကောင်း၊ မျိုးသန့်များကို ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ ပေါ်ဆန်းနှင့် အောင်နိုင်တိုးစပါးမျိုးများကို အဓိကထားစိုက်ပျိုးနိုင်ရေး၊ ကြဲခင်းစနစ် ပပျောက်အောင် မျိုးစေ့ချကိရိယာနှင့် လက်ဆွဲကောက်စိုက်စက်များ အသုံးပြုစိုက်ပျိုးရေးတို့ကို မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် မျိုးစပါးများ၊ မျိုးစေ့ချကိရိယာများနှင့် သွင်းအားစုများအား တောင်သူများထံ ပေးအပ်ပြီး တောင်သူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နွေစပါးရိတ်သိမ်းပြီး စိုက်ခင်းများအား မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရေး စက်ယန္တရားများဖြင့် မြေပြုပြင်နေမှုအခြေအနေကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေးပြည်ထောင်စုလမ်းမကြီး ပင်လောင်းလမ်းဆုံ သစ်တပ်ကျေးရွာအကြား လမ်းဘေးရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ရေမြောင်းများအား သတ်မှတ်အရွယ်အစားအတိုင်း စနစ်တကျတူးဖော်ရေးနှင့် ရှင်းလင်းဆောင်ရွက်ထားရေး၊ Box Culvert များတွင် အမှိုက်များ ပိတ်ဆို့မှုမရှိစေရေးနှင့် လမ်းဘေးဝဲယာ သန့်ရှင်းသာယာလှပရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရာဇဌာနီလမ်းမကြီး လမ်းပိုင်းများအား ပြန်လည်ပြုပြင်ပြီးစီးမှုနှင့် Regulating Course Mix Design ပြန်လည်အဆင့်မြှင့်တင်ပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

# ပုသိမ်မြို့နယ်၌ တောင်သူများအား တိုက်ရိုက်မျိုးစေ့ချကိရိယာပေးအပ်ပွဲနှင့် သွင်းအားစုပေးအပ်ပွဲအခမ်းအနား ကျင်းပ



**ပုသိမ် ဇူလိုင် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ပေါက်ကုန်းကျေးရွာတွင် ၂၀၂၅-၂၀၂၆ ခုနှစ် နိုင်ငံ့စီးပွားမြင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစီမံကိန်း ဆောင်ရွက်သော တောင်သူများအား မြို့နယ်အတွင်း ဝယ်ယူကြိတ်ခွဲဆောင်ရွက်နေသူများ တိုက်ရိုက်မျိုးစေ့ချကိရိယာ ပေးအပ်ပွဲနှင့် သွင်းအားစုပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

**ကြည့်ရှုအားပေး**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အဖွဲ့သည် ပုသိမ်မြို့နယ် ပေါက်ကုန်းကျေးရွာ တောင်သူ ဦးဝင်းမြင့်လှိုင်၏ စိုက်ဧက ခုနစ်ဧကတွင် နယူးရော-၁၁ စပါးမျိုးအား ပုသိမ်မြို့ အမှတ်(၅၁) စက်မှုလယ်ယာစခန်းမှ ခြောက်တန်းသွားကောက်စိုက်စက်၊ တိုက်ရိုက်မျိုးစေ့ချကိရိယာများဖြင့် စိုက်ပျိုးခြင်း သရုပ်ပြသခြင်းကိုလည်းကောင်း၊ ၂၀၂၅-၂၀၂၆ ခုနှစ် နိုင်ငံ့စီးပွားမြင့်တင်ရေး ရန်ပုံငွေဖြင့် မိုးစပါးစီမံကိန်း ဆောင်ရွက်သော ဝယ်ယူကြိတ်ခွဲအဖွဲ့၏ စံပြစိုက်ခင်းတွင် ကောက်စိုက်စက်၊ ကောက်စိုက်သမ၊ တိုက်ရိုက်မျိုးစေ့ချကိရိယာများဖြင့် စိုက်ပျိုးနေမှုကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တောင်သူများနှင့်တွေ့ဆုံ၍ "မိမိတို့ တိုင်းဒေသကြီးသည် စိုက်ပျိုးရေးကို အခြေခံသည့် တိုင်းဒေသကြီးဖြစ်သည်နှင့်အညီသီးနှံစုံ ပန်းတိုင်အထွက်နှုန်းရောက်ရှိရေးအတွက် အခြေခံလိုအပ် သည့် မျိုး၊ မြေ၊ ရေ၊ နည်း မှန်ကန်စွာ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက် ရှိပါကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးစေ့ချကိရိယာများအား သတ်မှတ်ကာလအတွင်း တောင်သူများလက်ဝယ် အချိန်မီရောက်ရှိရေး ထုန်လုပ်ဖြန့်ဝေပေးရန်လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီး၏ မိုးစပါးပန်းတိုင်အထွက်နှုန်း ရောက်ရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် လိုပါကြောင်း" ဆွေးနွေးပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တောင်သူများအား သွင်းအားစုများ၊ တိုက်ရိုက်မျိုးစေ့ချ ကိရိယာများကိုလည်းကောင်း၊ ကောက်စိုက်သမများအား စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# သရက်မြို့၌ တောင်သူများထံသို့ ဝါသီးနှံနှင့် နေကြာသီးနှံမျိုးစေ့များ ပေးအပ်

**သရက် ဇူလိုင် ၂၀**

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် ဝါသီးနှံတိုးချဲ့စိုက်ပျိုးရေးစီမံကိန်း၊ ဝါသီးနှံမျိုးစေ့နှင့် ဆီထွက်သီးနှံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအရ ဝါသီးနှံနှင့် နေကြာသီးနှံမျိုးစေ့များပေးအပ်ပွဲကို ယမန်နေ့နံနက်ပိုင်းက သရက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးပညာပေးရေးနှင့် ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက သရက်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ်စီမံကိန်းလျာထားချက်အရ ချည်မျှင်ရှည်ဝါဧက ၁၁၃၈၀ စိုက်ပျိုးရန်လျာထားသည့်အတွက် ယခင်နှစ်ထက် ၅၂၆၆ ဧက ပိုမိုတိုးချဲ့စိုက်ပျိုးမည်ဖြစ်ကြောင်း၊ အလားတူနေကြာသီးနှံ မိုး ၅၃ ဧက၊ ဆောင်း ၈၂၂ ဧက စုစုပေါင်း ၈၇၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်နေအောင်က မျိုးစေ့ထောက်ပံ့ပေးရခြင်းရည်ရွယ်ချက်ကို ပြောကြားပြီး စိုက်ပျိုးမြေ ၇၂၇ ဧကအတွက် ဝါသီးနှံမျိုးစေ့ ၈၆၄ ပိဿာနှင့် ၂၉၅ ကီလို၊ စိုက်ပျိုးမြေ ၆၃ ဧကအတွက် နေကြာသီးနှံမျိုးစေ့ ၇၅ ကီလိုနှင့် ၉ ဒသမ ၅ တင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက တောင်သူများထံသို့ ပေးအပ်ရာ တောင်သူ ၆၀ က လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မင်းတုန်းမြို့နယ်၌ လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြ



**မင်းတုန်း ဇူလိုင် ၂၀**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ် တံတားကျေးရွာအုပ်စုရှိ တောင်သူ ဒေါ်ခင်ယုမေ၏လယ်မြေ၌ ယနေ့နံနက် ၈ နာရီတွင် လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲ ပြုလုပ်ရာ မြို့နယ်စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တံတားကျေးရွာအုပ်စုရှိ တောင်သူများ တက်ရောက်ကြသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက လက်ဆွဲကောက်စိုက်စက်ဖြင့် သရုပ်ပြစိုက်ပျိုးခဲ့ကြပြီး လက်ဆွဲကောက်စိုက်စက် အသုံးပြုစိုက်ပျိုးခြင်းဖြင့် လုပ်သားအင်အားရှားပါးမှု ကျော်လွှားနိုင်ခြင်း၊ တစ်ဧကထုတ်လုပ်မှုကုန်ကျစရိတ်လျော့နည်း၍ အကျိုးအမြတ်ပိုမိုရရှိခြင်း၊ တစ်ရက်လျှင် ကောက်စိုက်စက်တစ်စီးကို သုံးဧကနှင့်အထက် စိုက်ပျိုးပြီးစီးနိုင်ခြင်းတို့ကြောင့် တောင်သူများ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလာစေရန် ရည်ရွယ်၍ ကွင်းသရုပ်ပြစိုက်ပျိုးဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အမှန်တကယ်အလုပ်လုပ်ရန်သာ လိုပါသည်

မိုးမြင့်

စီးပွားရေးနှင့် ပြည်သူ့ဘဝသည် ဆက်စပ်မှုရှိသကဲ့သို့ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုသည်လည်း တစ်ခုနှင့်တစ်ခု အမှီသဟဲပြုနေပါသည်။ ဆက်စပ်မှုအားလုံးက အပြန်အလှန်ဖြစ်နေသည့်သဘောဆောင်ပါသည်။ တစ်ခုကောင်းလျှင် ကျန်တာအားလုံး လိုက်ပါကောင်းမွန်လာမည်၊ ကျွဲကူးရေပါဖြစ်ပါသည်။ ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ အပြန်အလှန် အထောက်အကူပြုမှုများလည်း ပါနေမည်။ ဤသို့ သဘောများနှင့်အတူ မြန်မာနိုင်ငံအရေးတွင်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးကို တစ်ပြိုင်တည်းတိုးတက်ရန်အတွက် ဟန်ချက်ညီညီဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နေကြသည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။

**❖ ဆင်းရဲမွဲတေမှုနှင့်ပတ်သက်ပြီး သုံးသပ်မှုများရှိခဲ့သည့်အပေါ် စီးပွားရေးလုပ်ငန်းများ မတိုးတက်ရခြင်းနှင့် သဘာဝဘေးအန္တရာယ်ဆက်နွှယ်မှု ဖြစ်နိုင်ခြေအကြောင်းတရားများကို ရှာဖွေဖော်ထုတ်ပြီး ဆင်းရဲသူ လူတန်းစားအရင်းအမြစ်ဖြစ်သည့် ကျေးလက်နေပြည်သူများအတွက် အဓိကထားပြီး ကိုယ်ချင်းစာစိတ်ဖြင့် အောင်မြင်အောင် အလုပ်လုပ်ရန် ထောက်ပြချက်က အလွန်အဖိုးတန်လှ**

**❖ နိုင်ငံတွင်ရှိသည့် အလုပ်လုပ်နိုင်သော လူ့စွမ်းအားအရင်းအမြစ်ကို အကျိုးရှိရှိအသုံးချရန် မှာကြားချက်တစ်ခုကိုလည်း သတိထားမိပါသည်။ နိုင်ငံတွင် အလုပ်လုပ်နိုင်မည့် ရေခံမြေခံကောင်းများရှိပြီးဖြစ်သည့်အတွက် "အမှန်တကယ်အလုပ်လုပ်ရန်သာ" လိုအပ်ကြောင်းနှင့် အလုပ်လုပ်နိုင်ရေးဖန်တီးပေးရန် လိုအပ်နေသည့်အချက်များကို ထပ်မံဖြည့်စွက်ပြီး သုံးသပ်မှာကြား**

### လက်ရှိအခြေအနေနှင့် အတိတ်ပစ္စုပ္ပန်အခြေအနေများကို ချိန်ထိုး၍

မြန်မာနိုင်ငံသည် လက်ရှိကမ္ဘာ့နိုင်ငံရေး၊ စစ်ရေး အလှူပ်အခတ်များစွာဖြင့် အရိုက်အပုတ်ခံရသည့် နိုင်ငံများစွာထဲက တစ်နိုင်ငံ ဖြစ်နေပါသည်။ နိုင်ငံများစွာတွင် ဖြစ်ပွားနေသော ပြင်းထန်ဆိုးရွားလှသည့် သဘာဝဘေး၊ အချို့စစ်ဘေးတို့ကြောင့် ကမ္ဘာကြီးတစ်ခုလုံး၌ တည်ငြိမ်မှုကင်းမဲ့နေသကဲ့သို့ပင် လွတ်လပ်ရေးနှင့်အတူပါလာသည့် သူတစ်လူ၊ ငါတစ်မင်း ပြည်တွင်းသောင်းကျန်းမှုမျိုးစုံ၊ ပြည်ပစွက်ဖက်မှုမျိုးစုံတို့ကို ဆန့်ကျင်အန်တုနေရသည့် မြန်မာနိုင်ငံတွင်လည်း တည်ငြိမ်အေးချမ်းမှုဆိုသည်ကို ခေတ်အဆက်ဆက် ကြိုးစားတည်ဆောက်နေရဆဲဖြစ်ပါသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်နေရသကဲ့သို့ တစ်ဖက်တွင်လည်း စီးပွားရေးတိုးတက်ရန်နှင့် နိုင်ငံကို တည်ငြိမ်ပြီး ဘက်စုံဖွံ့ဖြိုးအောင် တစ်ပြိုင်တည်း ကြိုးပမ်းထမ်းဆောင်နေရသည့် အခြေအနေဖြစ်နေပါသည်။ လက်ရှိကမ္ဘာနှင့်မြန်မာ့အခြေအနေများအရ နိုင်ငံဖွံ့ဖြိုးရေး Agenda များစွာအနက် အချို့ကို တစ်ခုပြီးမှတစ်ခု၊ အချို့ကို တစ်ပြိုင်တည်းဆောင်ရွက်နေရသည့်အခြေအနေကို တွေ့ရမည်ဖြစ်ပါသည်။

ဤနေရာတွင် နိုင်ငံ့စီးပွားရေးကဏ္ဍ လက်ရှိအခြေအနေကို မီးမောင်းထိုးပြပြီး တိုးတက်မှုနှင့် လိုအပ်ချက်အချို့ကို လှစ်ဟနိုင်ခဲ့သည့် ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့ စီးပွားရေးနှင့်ပတ်သက်ပြီး ပြုလုပ်ခဲ့သော နိုင်ငံတော်၏ စီးပွားရေးတိုးတက်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ နိုင်ငံတော်အကြီးအကဲပြောကြားခဲ့သည့် လမ်းညွှန်ချက်များမှ ကောက်နုတ်တင်ပြလိုသော အချက်များရှိပါသည်။

### ယနေ့စီးပွားရေးအခြေအနေများအပေါ်၌

နိုင်ငံတော်အကြီးအကဲက ယနေ့ခေတ် မြန်မာနိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင်မြင်ရန် အမြဲတိုက်တွန်းမှာကြားလေ့ရှိပါသည်။ စိုက်ပျိုးမွေးမြူရေးအခြေခံကောင်းများရှိနေသည့် အခွင့်အလမ်းကို မလွတ်တမ်းဆုပ်ကိုင်နိုင်ရေး အရေးကြီးပုံကို ပြောကြားနေခြင်းဖြစ်ပါသည်။ လက်ရှိအခြေအနေအရ မိမိတို့နိုင်ငံ၌ ဆန်၊ ဆီ၊ အသားငါး စားရေရိက္ခာဖူလုံရန်နှင့် ပြည်ပသွင်းကုန်အစားထိုးနိုင်ရန် ပိုပြီးအဓိကကျနေပါသည်။ အခြေခံစားကုန်သောက်ကုန်များ ဖူလုံမှုရှိလျှင် သင့်တင့်သည့်နှုန်းထားတစ်ခုတွင် ကုန်စည်ဈေးနှုန်းများလည်း ကျဆင်းသွားမည်ဖြစ်ကြောင်း သုံးသပ်ပြခဲ့ပါသည်။

ဆန်ဖူလုံမှုရှိသော်လည်း ဆီဖူလုံမှုမရှိသည့်အတွက် လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေး ထောက်ပြခဲ့ပါသည်။ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူး စသည့်မီးဖိုချောင်သုံးသီးနှံများကို ပိုမိုစိုက်ပျိုးထုတ်လုပ်ရန် လမ်းညွှန်ခဲ့သည်ကို တွေ့ရပါသည်။ ပြည်ပသွင်းကုန် အစားထိုးမည်ဆိုလျှင် ပြည်တွင်းစီးပွားရေးကို အားပေးရမည်။ ပြည်တွင်းစီးပွားရေးကို အားပေးမှသာ အရည်အသွေးမီထုတ်ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်မည်ဖြစ်ပြီး ပြည်တွင်းထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်မှလည်း နိုင်ငံခြားဝင်ငွေတိုးလာမည်ဖြစ်ကြောင်း မှာကြားခဲ့ပါသည်။

စိုက်ပျိုးမွေးမြူရေးတွင် ခေတ်မီပြီး အဆင့်မီအောင် တိုးတက်အောင် ဘယ်လိုလုပ်နိုင်မလဲ ဆိုသည့်နည်းလမ်းကို စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ် (EEF ၂၀၂၅) မှ အပြန် စီးပွားရေးအခြေခံစက်မှုနိုင်ငံဖြစ်နေသည့် ဘယ်လာရုစ်နိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Republic of Buryatia တို့သို့ သွားရောက်လေ့လာပြီး အောင်မြင်နေသည့် စိုက်ပျိုးမွေးမြူရေးမှတစ်ဆင့် GDP တိုးတက်နေမှုအခြေအနေများကို ဥပမာပေးထောက်ပြခဲ့သည်ကို တွေ့ရပါသည်။ တစ်ဆက်တည်းတွင် မိမိပြည်တွင်း၌လည်း စပါးစိုက်ပျိုးရေး အထွက်နှုန်းတိုးစေရန်အတွက် စိုက်နည်းစနစ်ပိုင်းအထိ လမ်းညွှန်ချက်များပေးခဲ့သည်ကို တွေ့ရှိရပါသည်။

### အညွှန်းကိန်းများမှတစ်ဆင့်

နောက်တစ်ချက်မှာ ဆင်းရဲမွဲတေမှု အညွှန်းကိန်းမြင့်တက်လာမှု အခြေအနေပါ။ ဆင်းရဲမွဲတေမှုနှင့်ပတ်သက်ပြီး သုံးသပ်မှုများရှိခဲ့သည့်အပေါ် စီးပွားရေးလုပ်ငန်းများ မတိုးတက်ရခြင်းနှင့် သဘာဝဘေးအန္တရာယ်ဆက်နွှယ်မှု ဖြစ်နိုင်ခြေအကြောင်းတရားများကို ရှာဖွေဖော်ထုတ်ပြီး ဆင်းရဲသူ လူတန်းစားအရင်းအမြစ်ဖြစ်သည့် ကျေးလက်နေပြည်သူများအတွက် အဓိကထားပြီး ကိုယ်ချင်းစာစိတ်ဖြင့် အောင်မြင်အောင် အလုပ်လုပ်ရန် ထောက်ပြချက်က အလွန်အဖိုးတန်လှပါသည်။

ပြောကြားချက်များစွာအနက် နိုင်ငံတွင်ရှိသည့် အလုပ်လုပ်နိုင်သော လူ့စွမ်းအားအရင်းအမြစ်ကို အကျိုးရှိရှိအသုံးချရန် မှာကြားချက်တစ်ခုကိုလည်း သတိထားမိပါသည်။ နိုင်ငံတွင် အလုပ်လုပ်နိုင်မည့် ရေခံမြေခံကောင်းများရှိပြီးဖြစ်သည့်အတွက် **"အမှန်တကယ်အလုပ်လုပ်ရန်သာ"** လိုအပ်ကြောင်းနှင့် အလုပ်လုပ်နိုင်ရေးဖန်တီးပေးရန် လိုအပ်နေသည့် အချက်များကို ထပ်မံဖြည့်စွက်ပြီး သုံးသပ်မှာကြားသွားသည်ကို လေ့လာမိလိုက်ပါသည်။

သုံးသပ်ထောက်ပြမှုများထဲမှ မြန်မာနိုင်ငံ GDP မျှော်မှန်းချက်များကို ကမ္ဘာ့ဘဏ်ဖော်ပြချက်များနှင့် နှိုင်းယှဉ်ပြီး လေ့လာမိပါသည်။ ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံစီးပွားရေးတိုးတက်မှုပြ စုစုပေါင်းပြည်တွင်းထုတ်ကုန်တန်ဖိုး/ စုစုပေါင်းပြည်တွင်းဝင်ငွေ GDP တန်ဖိုးကို ယခင်က ၂ ဒသမ ၅ ရာခိုင်နှုန်းရှိရန် မျှော်မှန်းခဲ့ရာမှ ယခု အနုတ် ၂ ဒသမ ၅ အထိ ကျဆင်းနိုင်ကြောင်း ခန့်မှန်းလာပါသည်။ မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးတိုးတက်မှု မျှော်မှန်းချက်ကို ကြီးကြီးမားမားထားပြီး ကြိုးစားဆောင်ရွက်နေသည့်အတွက် ယခုလိုကမ္ဘာ့ဘဏ်ခန့်မှန်းချက်မှာ အနုတ်လက္ခဏာပြနေသည့် ကွာဟချက်များကို ကျဉ်းနိုင်သမျှ ကျဉ်းမြောင်းအောင် ဆောင်ရွက်ရမည့် တာဝန်များ မိမိတို့တွင်ရှိလာပြီ ဖြစ်ပါသည်။ အမှန်တကယ် ကြိုးစားဆောင်ရွက်ကြလျှင် စီးပွားရေးတိုးတက်မှုပြ Indicator များ မြင့်တက်လာမည်ဖြစ်ကြောင်း မှာကြားခဲ့သည့်အပေါ် ယုံကြည်မှုရှိစွာ ဆောင်ရွက်ရမည်ဟု ခံယူပါသည်။

ယနေ့ နိုင်ငံအကြီးအကဲ၏ စေတနာနှင့် တိုက်တွန်းနှိုးဆော်ချက်များသည် အမှန်တကယ်လိုက်နာဆောင်ရွက်ရမည့်အချက်များ ဖြစ်ပါသည်။ အထူးသဖြင့် ယနေ့မျိုးဆက်သစ်လူငယ်များအနေဖြင့် စကားလုံးများအပေါ် အလေးအနက်ထားခံယူပြီး ပိုင်းခြားစိတ်ဖြာတတ်သည့်အကျင့် ရှိသင့်ပါသည်။ **"အမှန်တကယ် အလုပ်လုပ်ရန် လိုပါမည်"**ဟူ၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့် ဆန့်ကျင်ဘက်သဘောမှာ လက်တွေ့နှင့် မကိုက်ညီဘဲ စိတ်ကူးယဉ်ဆန်စွာ အလုပ်လုပ်ပြခြင်း ဖြစ်ပါသည်။

နိုင်ငံတော်အကြီးအကဲ၏ မိန့်ခွန်းတွင် ထပ်တလဲလဲ သုံးနှုန်းသွားသည့် **"အမှန်တကယ်"** ဆိုသောစကားလုံးမှာ စွမ်းဆောင်ရည်မြင့်မြင့်မားမား၊ ထိထိရောက်ရောက်ဖြင့် ကြိုးစားဆောင်ရွက်မည်ဆိုသော တိုးတက်မှုအမြင်များ ပါဝင်နေသည်ဟု မြင်မိပါသည်။ မိမိတို့ အမှန်တကယ် အလုပ်လုပ်သည့်အခါ အမှားများ၊ မအောင်မြင်မှုများမှ ရုန်းထွက်နိုင်ရမည်၊ ပတ်ဝန်းကျင်နိုင်ငံများ၏ တိုးတက်မှုများမှ သင်ယူနိုင်ရမည်။ မည်သည့်အလုပ်ကိုလုပ်လုပ် မိမိကိုယ်မိမိ ယုံကြည်မှုရှိရန် လိုပါသည်။ တိုးတက်လိုသည့်စိတ်ခါတ်ကို သားစဉ်မြေးဆက် မျိုးဆက်သစ်များအထိ သယ်ဆောင်သွားလိုသည့် ဖွံ့ဖြိုးမှုအမြင်အထိ ပေါင်းစပ်ပြီး နိုင်ငံအတွက် ပိုကောင်းအောင်ကြိုးစားနိုင်ရပါမည်။ မိမိတို့အားလုံး လက်တွေ့ကျသည့် တိုးတက်မှုအတွေးနှင့် ဖွံ့ဖြိုးမှုအမြင် (Growth and Development mindset) များကို အကောင်းဆုံးပုံဖော်ပြီး အမှန်တကယ် အလုပ်လုပ်ကြရန်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**"မြန်မာနိုင်ငံ GDP မျှော်မှန်းချက်များကို ကမ္ဘာ့ဘဏ်ဖော်ပြချက်များနှင့်နှိုင်းယှဉ်ပြီး လေ့လာမိပါသည်။ ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံစီးပွားရေးတိုးတက်မှုပြ စုစုပေါင်းပြည်တွင်းထုတ်ကုန်တန်ဖိုး/ စုစုပေါင်းပြည်တွင်းဝင်ငွေ GDP တန်ဖိုးကို ယခင်က ၂ ဒသမ ၅ ရာခိုင်နှုန်းရှိရန် မျှော်မှန်းခဲ့ရာမှ ယခု အနုတ် ၂ ဒသမ ၅ အထိ ကျဆင်းနိုင်ကြောင်း ခန့်မှန်းလာပါသည်။ မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးတိုးတက်မှုမျှော်မှန်းချက်ကို ကြီးကြီးမားမားထားပြီး ကြိုးစားဆောင်ရွက်နေသည့်အတွက် ယခုလို ကမ္ဘာ့ဘဏ်ခန့်မှန်းချက်မှာ အနုတ်လက္ခဏာပြနေသည့် ကွာဟချက်များကို ကျဉ်းနိုင်သမျှ ကျဉ်းမြောင်းအောင် ဆောင်ရွက်ရမည့်တာဝန်များ မိမိတို့တွင်ရှိလာပြီ ဖြစ်ပါသည်။ အမှန်တကယ် ကြိုးစားဆောင်ရွက်ကြလျှင် စီးပွားရေးတိုးတက်မှုပြ Indicator များ မြင့်တက်လာမည်"**

# ၂၀၂၅ ခုနှစ် ဇူလိုင်လအတွင်း (၁-၇-၂၀၂၅ ရက်နေ့မှ ၁၅-၇-၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL–50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh(Dust Analyzer– 1941150)၊ (Gas Analyzer–1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$)နှင့် Carbon Monoxide(CO)စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာ ဒိုင် အောက်ဆိုက် | နိုက် ထရိုဂျင် ဒိုင် အောက်ဆိုက် | အိုဇုန်း | ကာဗွန် မိုနောက် ဆိုက် |
| ၁ | | နေပြည်တော် | | | | | | |
| | ၁ | ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |
| | ၂ | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် | ကောင်းမွန် | | | | | |
| ၂ | | ရန်ကုန်တိုင်းဒေသကြီး | | | | | | |
| | ၁ | ဗိုလ်တစ်ထောင်မြို့နယ် | ကောင်းမွန် | | | | | |
| | ၂ | သာကေတမြို့နယ် | ကောင်းမွန် | | | | | |
| ၃ | | မန္တလေးတိုင်းဒေသကြီး | | | | | | |
| | ၁ | အမရပူရမြို့နယ်၊ မန္တလေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | အောင်မြေသာစံမြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | ပုသိမ်ကြီးမြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၄ | ညောင်ဦးမြို့ | – | ကောင်းမွန် | | | | |
| | ၅ | ကျောက်ဆည်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၆ | ပြင်ဦးလွင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၇ | မတ္တရာမြို့နယ် | ကောင်းမွန် | | | | | |
| | ၈ | မိတ္ထီလာမြို့ | ကောင်းမွန် | | | | | |
| ၄ | | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | |
| | ၁ | စစ်ကိုင်းမြို့ | ကောင်းမွန် | | | | | |
| | ၂ | မုံရွာမြို့ | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| ၅ | | တနင်္သာရီတိုင်းဒေသကြီး | | | | | | |
| | ၁ | ထားဝယ်မြို့ | – | ကောင်းမွန် | | | – | ကောင်းမွန် |
| | ၂ | ကော့သောင်းမြို့ | လက်ခံနိုင်သော | ကောင်းမွန် | – | – | – | |
| ၆ | | ပဲခူးတိုင်းဒေသကြီး | | | | | | |
| | ၁ | ပဲခူးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၇ | | မကွေးတိုင်းဒေသကြီး | | | | | | |
| | ၁ | မကွေးမြို့ | ကောင်းမွန် | | | | | – |
| | ၂ | သရက်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | | – |
| ၈ | | ဧရာဝတီတိုင်းဒေသကြီး | | | | | | |
| | ၁ | ပုသိမ်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၉ | | ကရင်ပြည်နယ် | | | | | | |
| | ၁ | ဘားအံမြို့ | ကောင်းမွန် | | | | | |
| | ၂ | မြဝတီမြို့ | ကောင်းမွန် | | ခံနိုင်ရည် နည်းပါးသူများသာ ထိခိုက်နိုင် | | ကောင်းမွန် | |
| ၁၀ | | မွန်ပြည်နယ် | | | | | | |
| | ၁ | မော်လမြိုင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | သထုံမြို့ | ကောင်းမွန် | | | | | |
| ၁၁ | | ရှမ်းပြည်နယ် | | | | | | |
| | ၁ | တောင်ကြီးမြို့ | – | – | ကောင်းမွန် | | – | – |
| | ၂ | ကျိုင်းတုံမြို့ | လက်ခံနိုင်သော | – | – | – | – | – |
| | ၃ | တာချီလိတ်မြို့ | ကောင်းမွန် | – | – | – | – | – |
| | ၄ | မိုင်းဆတ်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

## ပန်းဘဲတန်းမြို့နယ်၌ သမဝါယမအသင်း အရပ်ရပ်ဆိုင်ရာအစည်းအဝေးကျင်းပ

ပန်းဘဲတန်း ဇူလိုင် ၂၀

ရန်ကုန်တိုင်း ဒေသကြီး ပန်းဘဲတန်းမြို့နယ် တိုးတက်အောင် ဆောက်လုပ်ရေးနှင့် အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၁၈ ရက်က ပန်းဘဲတန်းမြို့နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အဆိုပါ အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဦးတင်မောင်နီက အမှာစကား ပြောကြားသည်။ ဆက်လက်၍အသင်း၏အမှုဆောင်ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ၊ အသင်းစာရင်းစစ်အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးနှစ် ရှင်းတမ်းများကို ဒါရိုက်တာအဖွဲ့ဝင် ဦးမောင်မောင်ထက်ဝင်းက ဖတ်ကြားတင်သွင်းပြီး အသင်းသားများက သဘောတူ အတည်ပြုခဲ့ကြသည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဘုန်းမြင့်လှိုင်က သမဝါယမအသင်း ဥပဒေ၊ နည်းဥပဒေများနှင့် အသင်းများ ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်ရမည့်အချက်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော အသင်းသားများအား အစုပေါ်အမြတ်များ ခွဲဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❖

## ရမည်းသင်းမြို့၌ ရှေးဟောင်းသမိုင်းဝင် ရွှေမုဋ္ဌောစေတီ စတင်ပြုပြင်ဆောင်ရွက်

ရမည်းသင်း ဇူလိုင် ၂၀

မန္တလေးတိုင်း ဒေသကြီး ရမည်းသင်းမြို့ ရှေးဟောင်း သမိုင်းဝင် ရွှေမုဋ္ဌောစေတီတော် မြတ်ကြီး၌ ငလျင်ဒဏ်ကြောင့် ပျက်စီးယိုယွင်းမှုများကို ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း စတင်ဆောင်ရွက်လျက်ရှိသည်။

### လုပ်ငန်းဆောင်ရွက်

အဆိုပါ လုပ်ငန်းဆောင်ရွက်ရန်အတွက် စေတီတော်မြတ်ကြီး ဩဝါဒ ဆရာတော်များနှင့် အကျိုးဆောင်အဖွဲ့သည် မြို့နယ်သံဃနာယကအဖွဲ့၊ မြို့နယ်ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒလမ်းညွှန်မှုကို ခံယူကာ ဆောင်ရွက်ခဲ့သည်။



ငလျင်ဒဏ်ကြောင့်စေတီတော်မြတ်ကြီး ပုရိဝုဏ်အတွင်းရှိ အာရုံခံတန်ဆောင်း၊ အဝင်မုခ်ဦးများ၊ မဟာရာမ်တံတိုင်းများ၊ နဂါးရုံဘုရား၊ အရံစေတီတော်များ၊ သာသနိက အဆောက်အအုံများစွာ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

လှိုင်သန်းတင့်(ရမည်းသင်း)

# ဗီယက်နမ်နိုင်ငံ၌ အပျော်စီးသင်္ဘောတစ်စင်း တိမ်းမှောက်၊ ၃၅ ဦး သေဆုံးပြီး လေးဦး ပျောက်ဆုံးလျက်ရှိ

**ဟနွိုင်း ဇူလိုင် ၂၀**

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်း ကွမ်နန်ပြည်နယ် ဟလောင်ပင်လယ်အော်၌ အပျော်စီးသင်္ဘောတစ်စင်း တိမ်းမှောက်ခဲ့ရာ လိုက်ပါစီးနင်းသူ ၃၅ ဦး သေဆုံးပြီး လေးဦး ပျောက်ဆုံးနေကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ယနေ့ ပြောကြားသည်။

ကွမ်နန်ပြည်နယ် ပြည်သူ့ကော်မတီက ၁၀ ဦးအား ကယ်ဆယ်နိုင်ခဲ့ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ထည့်သွင်းပြောကြားခဲ့သည်။

သေဆုံးသူဦးရေကို ကနဦးတွင် ၃၇ ဦးဟု ကြေညာခဲ့သော်လည်း ၃၅ ဦးဖြစ်ကြောင်း ပြန်လည်ပြင်ဆင်ကြေညာခဲ့သည်။

အဆိုပါသင်္ဘောတွင် ခရီးသည် ၄၆ ဦးနှင့် အမှုထမ်း သုံးဦးတို့လိုက်ပါစီးနင်းခဲ့ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ပြောကြားသည်။

အဆိုပါ သင်္ဘောသည် မုန်တိုင်းတိုက်ခတ်မှုကြောင့် တိမ်းမှောက်ခြင်းဖြစ်ကြောင်း သိရသည်။

ပျောက်ဆုံးနေသူ လေးဦးကို ရှာဖွေတွေ့ရှိရန် ကယ်ဆယ်ရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# အာဖဂန်နစ္စတန်နိုင်ငံ၏ နိုင်ငံတကာ ကုန်သွယ်မှုပမာဏ တိုးမြင့်လာ

**ကဘူးလ် ဇူလိုင် ၂၀**



အာဖဂန်နစ္စတန် နိုင်ငံက ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၁၀၀ ကျော်နှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ဆက်ဆံမှုများ ထူထောင်ပြီး နိုင်ငံတကာကုန်သွယ်မှုပမာဏ တိုးမြှင့်လာကြောင်း သိရသည်။

လက်ရှိတွင် အာဖဂန်နစ္စတန်၏ နိုင်ငံတကာ ကုန်သွယ်မှုသည် နိုင်ငံပေါင်း ၁၀၀ ကျော်အထိ ပျံ့နှံ့ရောက်ရှိလျက်ရှိပြီး ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၃ ဘီလီယံအထိ ရှိကြောင်း စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးခေတ္တဝန်ကြီး နိုရူဒင်အဇီဇီက ပြောကြားသည်။

လွန်ခဲ့သည့် ၁၂ လအတွင်း နိုင်ငံပေါင်း ၄၃ နိုင်ငံက အာဖဂန်နစ္စတန်နိုင်ငံမှတစ်ဆင့် အခြား ၂၁ နိုင်ငံသို့ ကုန်စည်များပို့ဆောင်ခဲ့သည်။ အဆိုပါကာလအတွင်း အာဖဂန်နစ္စတန်နိုင်ငံက ကုန်စည်တန်ချိန် ရှစ်သန်းကျော်ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးခဲ့ရကြောင်း ၎င်းက ဆက်လက်ပြောသည်။

လက်ရှိအချိန်တွင် နိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်ကုန် (GDP) သည် ၁၄ ဒသမ ၅၈ ဘီလီယံမှ ၁၇ ဒသမ ၃ ဘီလီယံဒေါ်လာအထိ တိုးလာကြောင်း ၎င်းက မှတ်ချက်ပြုခဲ့သည်။

စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ပြည်နယ် ၃၄ ခုအနက် ၂၈ ခုတွင် ဖွံ့ဖြိုးရေးစီမံကိန်း ၈၅ ခုကို အကောင်အထည်ဖော်ခဲ့ပြီး ပြည်သူ ၁၄၂၀၀၀ အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိသည်။

ထို့ပြင် ဝန်ကြီးဌာနက ပြည်တွင်းအသားတင်ထုတ်ကုန်တန်ဖိုး ၁၀ ရာခိုင်နှုန်းတိုးမြှင့်ရေး၊ ပို့ကုန် ၂၅ ရာခိုင်နှုန်းတိုးတက်စေရေး၊ ရင်းနှီးမြှုပ်နှံမှုအသစ်တွင် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ဆွဲဆောင်ရန်နှင့် အလုပ်အကိုင်သစ် တစ်သိန်းကျော်ဖန်တီးပေးရန် စသည့် ရည်မှန်းချက်များကို ချမှတ်ထားကြောင်းလည်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# အီရန်နှင့် ရုရှားနှစ်နိုင်ငံ ရေတပ်ပူးတွဲ စစ်ရေးလေ့ကျင့်မှု ဇူလိုင် ၂၁ ရက်တွင်စတင်မည်

**တီဟီရန် ဇူလိုင် ၂၀**

အီရန်နှင့် ရုရှားနှစ်နိုင်ငံ ရေတပ်ပူးတွဲရေကြောင်း စစ်ရေးလေ့ကျင့်မှုကို ကက်စပီယံပင်လယ်အတွင်း၌ ဇူလိုင် ၂၁ ရက်မှစတင်ကာ သုံးရက်ကြာ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

"CASAREX2025" ဟု အမည်ပေးထားသည့် အဆိုပါ စစ်ရေးလေ့ကျင့်မှုကို အီရန်မြောက်ပိုင်းရေတပ်က တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း အီရန်တပ်မတော်၏ သတင်းဝက်ဘ်ဆိုက်တွင် ကြေညာခဲ့ကြောင်း သိရသည်။ အီရန်နှင့် ရုရှားရေတပ်မှ သင်္ဘောများပါဝင်သည့် အဆိုပါ စစ်ရေးလေ့ကျင့်မှုသည် ကက်စပီယန်ပင်လယ်အတွင်း ရေကြောင်းလုံခြုံရေးကို မြှင့်တင်ရန်နှင့် ဒေသတွင်းရှိ ရေတပ်များကြား ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန်ရည်ရွယ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြသည်။ အီရန်၏ အစွလာမ့်စ်တော်လှန်ရေးအစောင့်တပ် (IRGC) ၏ ရေတပ်က အဆိုပါစစ်ရေးလေ့ကျင့်မှုတွင် ပါဝင်မည်ဖြစ်သည်။

ကက်စပီယံဒေသရှိ ပြည်နယ်အများအပြားကလည်း စစ်ရေးလေ့ကျင့်မှုတွင် လေ့လာစောင့်ကြည့်သူများအဖြစ် ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**



# နောက်ဆုံးရ နိုင်ငံတကာ သတင်းများ

### ရုရှားနိုင်ငံ၌ အင်အားပြင်းငလျင်လှုပ်

ရုရှားနိုင်ငံ ကန်ချက်ကာပင်လယ်အော်ဒေသတွင် ဇူလိုင် ၂၀ ရက်က ရစ်(ခ်)တာစကေး ၇ ဒသမ ၆ အဆင့်ရှိ မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း ရုရှားသိပ္ပံအကယ်ဒမီက ၎င်း၏ လူမှုမီဒီယာ တယ်လီဂရမ်အကောင့်မှတစ်ဆင့် ပြောကြားသည်။

လက်ရှိတွင် ဒေသခံများသေပျောက်မှုနှင့် အဆောက်အအုံများ ထိခိုက်ပျက်စီးမှုဆိုင်ရာ အချက်အလက်များကို မသိရှိရသေးကြောင်းနှင့် တာဝန်ရှိသူများက အခင်းဖြစ်ရာနေရာရှိ အဆောက်အအုံများကို စစ်ဆေးမှုများဆောင်ရွက်မည်ဟု သိရသည်။ ၎င်းငလျင်သည် ကန်ချက်ကာဒေသ၏ မြို့တော် ပီထရိုပက်လော့ကန်ချက်စကီမှ ၁၁၅ ကီလိုမီတာအကွာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ကြောင်းနှင့် ငလျင်လှုပ်ခတ်မှုကြောင့် အဆောက်အအုံများအတွင်းမှ ဒေသခံများ စွန့်ခွာထွက်ပြေးခဲ့သည်ဟု သိရသည်။ ဇူလိုင် ၂၀ရက်အစောပိုင်းကာလအတွင်းကလည်း ယင်းဒေသတွင် ရစ်(ခ်)တာစကေး ၅ ဒသမ ၃ နှင့် ရစ်(ခ်)တာစကေး ၆ ဒသမ ၅ အဆင့်ရှိ ငလျင်များလှုပ်ခတ်ခဲ့သည်။ ၎င်းမြေငလျင်လှုပ်ခတ်မှုကြောင့် ကမ်းရိုးတန်းဒေသမှ ဒေသခံများအား ပြောင်းရွှေ့ရန်ဆောင်ရွက်ခဲ့ရပြီး ဆူနာမီသတိပေးချက်ထုတ်ပြန်ခဲ့ရကြောင်း ရုရှားနိုင်ငံအရေးပေါ် အခြေအနေ စီမံခန့်ခွဲရေးဝန်ကြီးဌာနက ပြောကြားသည်။

### ကွန်ဂိုနိုင်ငံ၌ ငြိမ်းချမ်းရေးလက်မှတ်ရေးထိုး

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် မတ် ၂၃ လှုပ်ရှားမှုအဖွဲ့အကြား မူအားဖြင့် ပဏာမငြိမ်းချမ်းရေး သဘောတူညီချက်လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

နှစ်ဖက်အကြား ငြိမ်းချမ်းရေးဆိုင်ရာ လုပ်ငန်းမူဘောင်အတွက် သဘောတူညီမှုရရှိခဲ့ပြီး ၎င်းသဘောတူညီချက်ကို ပြီးပြည့်စုံသည့် ငြိမ်းချမ်းရေးသဘောတူညီချက်ဖြစ်လာစေရေးအတွက် ရှေ့ဆက်၍ ဆွေးနွေးဆောင်ရွက်မည်ဟု သိရသည်။

ကာတာနိုင်ငံ၏ ကြားဝင်စေ့စပ်မှုဖြင့် ကာတာနိုင်ငံ ဒိုဟာတွင် ရရှိခဲ့သည့် ၎င်းပဏာမသဘောတူညီချက်သည် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင်ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခအပေါ် ငြိမ်းချမ်းစွာ အဖြေရှာရေးဆိုင်ရာ သိသာထင်ရှားသည့်ဆောင်ရွက်ချက်ဖြစ်ကြောင်း သိရသည်။ ဒေသတွင်း ငြိမ်းချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးရရှိရေးတို့အတွက် ဒေသတွင်းနိုင်ငံများကလည်း ကြိုးပမ်းဆောင်ရွက်မည်ဟု သိရသည်။

### တရုတ်နိုင်ငံ၌ တိုင်ဖွန်းမုန်တိုင်းဝင်ရောက်

ယခုနှစ်၏ (၆)ကြိမ်မြောက် တိုင်ဖွန်းမုန်တိုင်းဖြစ်သည့် ဝီဖာ ဝင်ရောက်တိုက်ခတ်မှုကြောင့် တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုန်ပြည်နယ် ဂျိုင်မန်မြို့အနီးတွင် ဇူလိုင် ၂၀ ရက် မွန်းလွဲ ၅ နာရီ မိနစ် ၅၀ က မြေပြိုမှုဖြစ်ပွားခဲ့သည်။

၎င်းတိုင်ဖွန်းမုန်တိုင်းဝင်ရောက်တိုက်ခတ်မှုကြောင့် ကွမ်တုန်ပြည်နယ် ဇူဟိုင်မြို့တွင် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပွားကာ တိုင်ဖွန်းမုန်တိုင်းဆိုင်ရာ သတိပေးချက်ကို အနီရောင်အဆင့်သို့ တိုးမြှင့်သတ်မှတ်ခဲ့သည်။ စာသင်ကျောင်းများနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို လုပ်ငန်းဆောင်ရွက်ခြင်းမှ ရပ်နားထားခဲ့ရသည်။

ပြီးခဲ့သည့်ရက်များအတွင်းကလည်း ဖိလစ်ပိုင်နိုင်ငံတွင် ယင်းတိုင်ဖွန်းမုန်တိုင်းဝင်ရောက်တိုက်ခတ်မှုကြောင့် ဒေသခံ သုံးသိန်းခန့် ထိခိုက်ခံစားခဲ့ရသည်။

### တူကီယဲနိုင်ငံ၌ ရှေးဟောင်းအမွေအနှစ်ပစ္စည်းပြန်လည်ရရှိ

တူကီယဲနိုင်ငံမှ နိုင်ငံပြင်ပသို့ရောက်ရှိသွားခဲ့သည့် ရောမဧကရာဇ်နှင့် ဒဿနပညာရှင် Marcus Aurelius ၏ ရုပ်တုကို ၆၅ နှစ်အကြာတွင် အောင်မြင်စွာ ပြန်လည်လက်ခံရရှိခဲ့ကြောင်း သိရသည်။

ယင်းရှေးဟောင်းရုပ်တုကို အများပြည်သူသို့ မကြာမီ ပြသမည်ဖြစ်သည်။

၁၉၆၀ ပြည့်နှစ်များအတွင်း တူကီယဲအနောက်တောင်ပိုင်းရှိ ရှေးဟောင်းမြို့ Boubon မှ လုယက်ခံခဲ့ရသည့် ယင်းရုပ်တုကို အမေရိကန်နိုင်ငံတွင် ဆယ်စုနှစ်များစွာ ပြသထားခဲ့ရာမှ နယူးယောက်မန်ဟက်တန်ခရိုင် ရှေ့နေရုံးနှင့် အမေရိကန်နိုင်ငံ အမိမြေ လုံခြုံရေးဝန်ကြီးဌာနတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့်ခုနစ်နှစ်အတွင်း တူကီယဲနိုင်ငံ၏ ရှေးဟောင်းပစ္စည်း ၈၉၆၇ ခုကို ပြန်လည်ရရှိခဲ့ကြောင်း တူကီယဲယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီး မီမက်က ပြောကြားသည်။

### ရိုမေးနီးယားနိုင်ငံ၌ အပူချိန်မြင့်တက်

ရိုမေးနီးယားနိုင်ငံဒေသလေးခုတွင် အပူချိန်များမြင့်တက်ကာ အပူလှိုင်းဆိုင်ရာ သတိပေးချက်များ ထုတ်ပြန်ခဲ့ရသည်။ နိုင်ငံတောင်ပိုင်းရှိအော်တီနီယာနှင့် အနောက်တောင်ပိုင်းရှိမူတီယာတို့တွင် နေ့အပူချိန်ဆိုင်ရာအညွှန်းကိန်းများမြင့်တက်ခဲ့ပြီး ကာရက်ဆီဗရင်၊ မဟီဒန်တီး၊ တိုလိုမမ်ဒေသများတွင် အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်ခဲ့သည်။

ဥရောပဒေသ၊ ဂရိနှင့် ရိုမေးနီးယားနိုင်ငံများတွင် လာမည့်ရက်များအတွင်း အပူချိန်မြင့်တက်နိုင်ကြောင်း သိရသည်။

**စိုးသူရ-စုစည်းရေးသားသည်**

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးနှင့် စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များနှင့် ဆိုင်ကယ်များ၊ တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၂၀

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာရှစ်လုံး အတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၃၉၀၈၂၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၁၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၂၀၀၀၀)ကို ပို့ကုန်၊ သွင်းကုန်ဥပဒေ အရလည်းကောင်း၊ မုံရွာမြို့ ချင်းတွင်းမြစ်အနီး၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ (ချက်ဆီ) ၂၇ ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၅၅၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၅၇၀၀၀၀)ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်လေးပင်ခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၀၂၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၆၃၂၀ )ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



အေးရှားဝေါလ်ဆိပ်ကမ်း၌ သိမ်းဆည်းရမိမှု။

အလားတူ ဇူလိုင် ၁၉ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သိမ်းဆည်းရမိမှု စာရင်းများအရ လိုင်စင်မဲ့ယာဉ် ခြောက်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ၂၄ စီး သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၉၁၇၄၅၂၀)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေး ဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်၍ ယင်း တရားမဝင်တင်သွင်းမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၂၀

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၁၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “yaminLove” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် ရေးမြို့နယ် ရေးမြို့ ရန်ကြီးအောင်ရပ်ကွက်နေ ယမင်း(ခ)လင်းလင်းအား မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် ရေးမြို့မရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❍ အာဆီယံမှ

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယခင်က နောက်ဆုံးအဆင့်တွင် အသင်း ၁၄ သင်းဖြင့် ကျင်းပရန် စီစဉ်ထားသော်လည်း အင်ဒိုနီးရှားကလပ်နှစ်သင်း နုတ်ထွက်သွားသဖြင့် ပြီးခဲ့သည့်ရာသီအတိုင်း ၁၂ သင်းဖြင့် ပြုလုပ်မည်ဖြစ်ပြီး ခြေစစ်ပွဲတွင် လေးသင်းယှဉ်ပြိုင်ကာ အနိုင်ရသည့်နှစ်သင်း နောက်ဆုံးအဆင့် ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ ခြေစစ်ပွဲတွင် ရှမ်းယူနိုက်တက် (မြန်မာ) နှင့် EZRA (လာအို)၊ ဆီဘူး (ဖိလစ်ပိုင်) နှင့် ကာဆူကာ (ဘရူနိုင်း)တို့ တွေ့ဆုံနေပြီး မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းသည် ပထမအကျော့ အဝေးကွင်းပွဲကို ဩဂုတ် ၉ ရက်တွင် အဝေးကွင်း၊ ဩဂုတ် ၁၅ ရက်တွင် အိမ်ကွင်းအဖြစ် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကစားရမည်ဖြစ်သည်။ လာအိုကလပ်အသင်းသည် အိမ်ကွင်းပွဲကို လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တွင် လက်ခံကျင်းပနိုင်ခြင်းမရှိသဖြင့် ထိုင်းနိုင်ငံ ချောင်ဘူရီကွင်း၌ လက်ခံကစားမည်ဖြစ်သည်။ လာအိုကလပ် EZRA အသင်းသည် ယခုရာသီတွင် ယှဉ်ပြိုင်ခွင့်ရထားသည့် နိုင်ငံတကာပြိုင်ပွဲနှစ်ခုစလုံး မြန်မာကလပ်များနှင့် တွေ့ဆုံနေပြီး AFC Challenge League ခြေစစ်ပွဲတွင်လည်း ရန်ကုန်ယူနိုက်တက်နှင့် ကစားရမည်ဖြစ်ရာ ခုနစ်ရက်အတွင်း မြန်မာကလပ်များနှင့် ခြေစစ်ပွဲ သုံးပွဲ ကစားရမည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ခြေစစ်ပွဲအောင်မြင်ပါက နောက်ဆုံးအဆင့်အုပ်စု (ခ) သို့ ကျရောက်မည်ဖြစ်ပြီး သက်ဆိုင်ရာလိဂ် ချန်ပီယံအများစုနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ နောက်ဆုံးအဆင့် အုပ်စုမဲခွဲမှုအရ အုပ်စု (က) တွင် လက်ရှိချန်ပီယံ ဘူရီရမ်ယူနိုက်တက် (ထိုင်း)၊ BG ပါသွန်ယူနိုက်တက် (ထိုင်း)၊ ဆီလန်ဂေါ (မလေးရှား)၊ ကောင်အန်ဟန်ွိုင်း (ဗီယက်နမ်)၊ တမ်ပနိစ်ရိုဗာ (စင်ကာပူ)၊ ခြေစစ်ပွဲတွင် ဆီဘူး (ဖိလစ်ပိုင်) နှင့် ကာဆူကာ (ဘရူနိုင်း) ပွဲမှ အနိုင်ရအသင်း၊ အုပ်စု (ခ)တွင် ဘန်ကောက်ယူနိုက်တက် (ထိုင်း)၊ ဂျိုဟိုဒါရူးလ် (မလေးရှား)၊ နမ်ဒင်း (ဗီယက်နမ်)၊ Lion City Sailors (စင်ကာပူ)၊ Svay Rieng (ကမ္ဘောဒီးယား)၊ ခြေစစ်ပွဲတွင် ရှမ်းယူနိုက်တက် (မြန်မာ) နှင့် EZRA (လာအို) ပွဲမှ အနိုင်ရအသင်းတို့ ပါဝင်နေသည်။

သတင်း-ချစ်ကိုကို၊ဓာတ်ပုံ-စိုးညွန့်သော်

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။ ■

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၁-၇-၂၀၂၅ တနင်္လာနေ့

**MRTV HD**

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(ရတနသုတ်)
- ၀၇:၁၀ နံနက်ခင်းသတင်း
- ၀၇:၄၀ နိုင်ငံတော်မှအလေးထားဆောင်ရွက်ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက်
- ၀၉:၃၀ စိုက်ပျိုးမွေးမြူသုတဘဏ်
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ "နီဆားအိုလူး"(မင်္ဂလာပါ)(အာဖရိကလူမျိုးတို့၏ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများ)
- ၁၁:၂၀ ကြေးလည်းဝေမြဲတမ်းတာဆဲ" စာဆိုတော်အလင်္ကာကျော်စွာရွှေတိုင်ညွန့်"(၁၉၀၉-၁၉၄၅)(အပိုင်း-၁)
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ(ကိုရီးယား) 'မုသားနောက်ကွယ်' (အပိုင်း-၁၉)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ မြန်မာဇာတ်လမ်းတွဲ "ထာဝရမွန္တလေး" (အပိုင်း-၃၃+၃၄)
- ၁၅:၂၀ ကျန်းမာရေးအတွက်တိုင်းရင်းဆေးပညာအစီအစဉ်
- ၁၆:၄၅ The Sports Editors's Top Picks Of This Week
- ၁၇:၁၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၇:၃၅ This Week's Special Interest
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၄၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ (ကိုရီးယား) 'မုသားနောက်ကွယ်' (အပိုင်း-၂၄)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၁၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တရုတ်' 'မုန်တိုင်းတစ်ခုရဲ့နိဂုံး' (အပိုင်း-၄)
- ၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း

**mitv**

- 07:01 Evergreen Classic: Hsu Myat Khay Mar (Tekkatho Lei Lei)
- 07:08 Journey To The Mogok (Part-2)
- 07:36 Athet Htet Myat Thaw Gon Theikkar or Dignity Greater Than Life (Re-edit)
- 08:01 News
- 08:26 Global Updates; Hydroponic Farming
- 08:32 Myanmar Traditional Food: Mohinga
- 08:52 Compelling Benefits of Radiation Technology
- 09:01 Myanmar Music Icon: Myanmar Legendary Singer Sithu Tin Tin Mya (Ep-3)
- 09:19 Discovering Tribes "Rwang"; Their Life and Customs (Part-1)
- 09:44 The Civil Twilight - 2
- 10:01 News
- 10:26 Topical Topics; Pearl of Oyster

**Me**

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၂၅ တိုင်းရင်းသားသီချင်း၊ အက (ကယား)
- ၀၆:၅၀ ဇာတ်လမ်းတို 'တန်ဖိုးရှိသူဖြစ်ပါစေ'
- ၀၇:၀၀ မြန်မာသံစဉ်တေးများ
- ၀၇:၃၀ မြန်မာဇာတ်လမ်းတွဲ "ထာဝရမွန္တလေး" (အပိုင်း-၃၃+၃၄)
- ၀၈:၅၅ 'အချစ်ရဲ့မိုး' တေးဂီတဖျော်ဖြေပွဲ
- ၁၀:၁၀ မြန်မာရုပ်ရှင်(ဖြူမည်း) 'တစ်ဒါကတစ်ဘဝ'
- ၁၉:၃၀ မြန်မာဇာတ်လမ်းတွဲ "ထာဝရမွန္တလေး" (အပိုင်း-၃၅+၃၆)

**MRTV NRC**

- ကယား (၀၆:၀၀ မှ ၀၈:၀၀) ဆေးဖက်ဝင်တဲ့ဟင်းကောင်းတစ်ခွက်
- စကောကရင် (၀၈:၀၀ မှ ၀၉:၀၀) အဆိုတော်စောအေးဖိုးနှင့်တွေ့ဆုံခိုက်
- အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀) သဘာဝမိကျောင်းများ ပျောက်ဆုံးရာမိန်းမလှကျွန်း
- အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀) ဖွဲ့ကာပင်မြေမှဖွံ့ဖြိုးတက်မှုများ (အပိုင်း-၃)
- ချင်း (လိုင်ဇို) (၁၁:၀၀ မှ ၁၂:၀၀) ဆန်းပြားလှသည့်ချင်းရိုးရာနှာခေါင်းပလွေမှုတ်
- ချင်း (ဇိုး) (၁၂:၀၀ မှ ၁၃:၀၀) မုန်လာဥနီ၏ဆေးဖက်ဝင်အစွမ်းထက်မှုများ
- မွန် (၁၃:၀၀ မှ ၁၅:၀၀) ထန်းပင်ပေါ်က တို့ဖေဖေ
- ရခိုင် (၁၅:၀၀ မှ ၁၇:၀၀) မျိုးဂုဏ်တင်းစေယဉ်ကျေးမှုအမွေ (အပိုင်း-၄)
- ရှမ်း (၁၇:၀၀ မှ ၁၉:၀၀) ပင်လောင်းရှမ်းစက္ကူ
- ဝ (၁၉:၀၀ မှ ၂၁:၀၀) 'ဝ' ဘာသာစကားပြောကြရအောင် (အပိုင်း-၂)
- ကချင် (၂၁:၀၀ မှ ၂၃:၀၀) အိပ်မက်လမ်းသို့ခရီးရှည် ဇဲယော၊ အဘွမ်ထန်၊ ဇာလင်း၊ ဆရမ်ဇာမှ ခေါင်လန်းဖူးသို့

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၁:၃၅ Sports Diary
- ၁၂:၁၅ ထူးရှားစုံလင်အာရှဖစ်ဖိတ်အစီအစဉ်
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၈:၄၅ အသီးမှာဘုရင် သရက်သီး၏ဆေးဘက်ဝင်မှုအမျိုးမျိုး

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ 'အစ္စရေးနိုင်ငံ'
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ပကောင်းဆိုးဝါး'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ 'ဆွစ်ဇာလန်နိုင်ငံ'
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ဂျပန်နိုင်ငံ'
- ၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၉၄)

**MRTV FARMERS' HD**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ တန်ဖိုးမြင့်မားမြန်မာ့သနပ်ခါး
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၂၀ back to Eden Gardening
- ၁၉:၃၀ Sri Lanka Organic Agriculture documentary
- ၂၀:၀၀ ဆူးခက်တွေပျံ့နေကြလမ်းလေးပေါ်မှာ (ဇာတ်လမ်း)
- ၂၂:၀၀ Holidate (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS HD**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၂၀ This Sports Editor's Top Picks of this Week
- ၁၇:၀၀ အားကစားသတင်း
- ၁၈:၀၀ Rooney

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ဥတ္တရသီရိမြို့နယ်၌ လူသတ်လုယက်မှုကျူးလွန်သူတရားခံ အမျိုးသား သုံးဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၂၀

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ ဇူလိုင် ၁၉ ရက်က လူသတ်လုယက်မှု ကျူးလွန်သူ တရားခံ အမျိုးသား သုံးဦးအား သက်သေခံ ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၇ ရက် နံနက် ၈ နာရီတွင် ဥတ္တရသီရိမြို့နယ် အမှတ်(၁) မီးသတ်စခန်းအနောက်ဘက်တောအတွင်း မီးသွေးဖိုအနီး၌ ကိုးရွာသပြေကုန်းကျေးရွာ လေးကျွန်းမဏ္ဍိုင်ဘုန်းကြီးကျောင်းမှ ကပ္ပိယဖြစ်သူ ဦးလှဝင်း(၇၄)နှစ်အား ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရ၍ တရားခံများ စိစစ်ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက် ဘုရားကုန်းမြို့မရဲစခန်း(ပ)၃၄/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်စုံစမ်းခဲ့သည်။

အမှုမှ တရားခံများ ဖမ်းဆီးရမိနိုင်ရေးအတွက် ရဲတပ်ဖွဲ့ဝင်များက စုံစမ်းရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ အချင်းမဖြစ်မီရက်များက အဆိုပါဘုန်းကြီးကျောင်း၌ ရောက်ရှိနေသည့် ကိုးရွာသပြေကုန်းကျေးရွာနေ နိုင်မင်းထွန်း(ခ)ဘိုဘို(၁၈)နှစ်၊ ဖွဲ့ခန့်နိုင်(ခ)ဖွဲ့ခန့်(၁၇)နှစ်နှင့် ရေတာရှည်မြို့နယ် သရက်တောကျေးရွာနေ ဆန်းမင်းငြိမ်း(ခ)ပေါက်တူး(၂၇)နှစ်တို့ သုံးဦးအား မသင်္ကာသဖြင့် စစ်ဆေးခဲ့စဉ် လူသတ်လုယက်မှုကျူးလွန်ခဲ့ကြောင်းပေါ်ပေါက်ပြီး ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အရှည်နှစ်ပေခန့်ရှိ ထင်းချောင်း နှစ်ချောင်း၊ VIVO အမျိုးအစား သက်သေခံ ဖုန်းတစ်လုံးနှင့်အတူ သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ၎င်းတို့ သုံးဦးသည် ငွေကြေးလိုအပ်ချက်ကြောင့် ကပ္ပိယဖြစ်သူ ဦးလှဝင်းထံမှ ပိုက်ဆံများလုရန် တိုင်ပင်ပြီး ဇူလိုင် ၁၆ ရက် ညနေ ၄ နာရီတွင် ဦးလှဝင်း၏ မီးသွေးဖိုအနီး ဝါးရုံပင်အောက်၌ အရက်သေစာသောက်စားကာ စောင့်ဆိုင်း၍ ဦးလှဝင်းအား နိုင်မင်းထွန်း(ခ)ဘိုဘိုက အသင့်ယူလာသော ထင်းချောင်းဖြင့် ရိုက်နှက်ခဲ့ပြီး မှောက်လျက်လဲကျသွားသော ဦးလှဝင်းကို ဆန်းမင်းငြိမ်း(ခ)ပေါက်တူးက ဆွဲလှန်ပေးကာ နိုင်မင်းထွန်း(ခ)ဘိုဘိုနှင့် ဖွဲ့ခန့်နိုင်(ခ)ဖွဲ့ခန့်တို့က ထင်းချောင်းများဖြင့် ဝိုင်းဝန်းရိုက်နှက်၍ ဦးလှဝင်းကိုင်ဆောင်သော VIVO အမျိုးအစား အဖြူရောင်လက်ကိုင်ဖုန်းနှင့် လွယ်အိတ်အတွင်းမှ ငွေကျပ် ၇၂၀၀၀ အား လုယက်ယူဆောင်ခဲ့ကြကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။



ဥတ္တရသီရိမြို့နယ်၌ လူသတ်လုယက်မှုကျူးလွန်သူ တရားခံ အမျိုးသား သုံးဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

အထက်ပါဖြစ်စဉ်မှ လူသတ်လုယက်မှုကျူးလွန်သူ နိုင်မင်းထွန်း(ခ)ဘိုဘို၊ ဖွဲ့ခန့်နိုင်(ခ)ဖွဲ့ခန့်နှင့် ဆန်းမင်းငြိမ်း(ခ)ပေါက်တူးတို့ သုံးဦးအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# လေဖိအားနည်းရပ်ဝန်းအရှိန်နှင့် မုတ်သုံလေအားအလွန်ကောင်းလာနိုင်ခြင်းကြောင့် နေရာကွက်၍မိုးကြီးမည်

နေပြည်တော် ဇူလိုင် ၂၀

ယနေ့ညနေ ၄ နာရီခွဲ တိုင်းထွာချက်များအရ တရုတ်နိုင်ငံ တောင်ပိုင်းကမ်းခြေအနီးတွင် ဖြစ်ပေါ်နေသော အားကောင်းသောအပူပိုင်းမုန်တိုင်း "ဝီဖာ" (WIPHA) သည် အနောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ဇူလိုင် ၂၂ ရက်တွင် ဗီယက်နမ်နိုင်ငံ(မြောက်ပိုင်း) ဒေသများသို့ ဆက်လက်ဖြတ်ကျော်နိုင်ကာ မုန်တိုင်း၏ အကြွင်းအကျန် တိမ်တိုက်များသည် မြန်မာနိုင်ငံသို့ ရောက်ရှိလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဇူလိုင် ၂၄ ရက်တွင် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ ဖြစ်ပေါ်လာနိုင်မည့် လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဇူလိုင် ၂၁ ရက်မှ ဇူလိုင် ၂၆ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာကာ ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၄ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့်ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၀-၇-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၁-၇-၂၀၂၅ ရက်နေ့မှ ၂၆-၇-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ**










# ၂၀၂၅ ခုနှစ် ဇူလိုင်လ တတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း (၁)ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားကောင်းနိုင်ပါသည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ၉ ရက်မှ ၁၁ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ၆ ရက်မှ ၈ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ၂ ပေခွဲမှ ၅ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၂ ပေခွဲမှ ၄ ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့နှင့် ကလေးဝမြို့ တို့တွင် ၂ ပေမှ ၅ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၂ ပေခွဲမှ ၃ ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၃ ပေခန့်၊ ဒုဌဝတီမြစ်ရေသည် သီပေါမြို့တွင် ၃ ပေခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၂ ပေခန့်စီ၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်မှ ၁ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၄ ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ၅ ပေမှ ၆ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၄ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၅ ပေခန့်၊ ငဝန်မြစ်ရေသည် သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ၁ ပေခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၁ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၅ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ၁ ပေခန့် လက်ရှိ ရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။

မိုး/ဇလ

# ကုလသမဂ္ဂကို ဘာကြောင့် လူတွေ စိတ်ပျက်သလဲ

**အခု ၂၀၂၅ ခုနှစ်ဆိုရင် ကုလသမဂ္ဂ (UN) တည်ထောင်ခဲ့တာ နှစ်ပေါင်း ၈၀ ပြည့်ခဲ့ပါပြီ။ ကုလသမဂ္ဂပဋိညာဉ် (UN Charter) ကို ၁၉၄၅ ခုနှစ် ဇွန်လ ၂၆ ရက်နေ့မှာ ရေးထိုးခဲ့တာဖြစ်ပြီး အဲဒီပဋိညာဉ်ဟာ အောက်တိုဘာလ ၂၄ ရက်နေ့မှာ စတင်အသက်ဝင်ပါတယ်။ ဒါကြောင့် ပဋိညာဉ် စတင်အသက်ဝင်တဲ့ အောက်တိုဘာလ ၂၄ ရက်နေ့ဟာ ကုလသမဂ္ဂနေ့ (UN Day) ဖြစ်ပါတယ်။**

**နိုင်ငံတကာရေးရာ သုတေသီတစ်ဦး**

အခုဆို ယူကရိန်းအရေးအခင်း၊ အရှေ့အလယ်ပိုင်း အရေးအခင်း အပါအဝင် ကမ္ဘာတစ်ဝန်းတင်းမာမှုတွေနဲ့ ကမ္ဘာကြီးဟာ ဒုတိယကမ္ဘာစစ်ကြီးနောက်ပိုင်း အန္တရာယ်အများဆုံးအခြေအနေကို ရောက်ရှိနေပါတယ်။ တစ်ချိန်တည်းမှာ UN သည်လည်း သူ့သက်တမ်းတစ်လျှောက် ကမ္ဘာသူ ကမ္ဘာသားတွေရဲ့ယုံကြည်ကိုးစားမှု အနည်းဆုံး အခြေအနေကို ရောက်ရှိနေပါတယ်။ ဒီဆောင်းပါးမှာ UN အကြောင်း အသေးစိတ်ရေးမှာ မဟုတ်ပါဘူး။ UN သက်တမ်း နှစ် ၈၀ ပြည့်တဲ့အချိန်မှာ UN ကို ဘာကြောင့် လူတွေ စိတ်ပျက်လာနေကြသလဲဆိုတာ သုံးသပ်ရေးသားတင်ပြမှာ ဖြစ်ပါတယ်။

### လက်နက်တွေ အပြိုင်အဆိုင်တပ်ဆင်စုဆောင်း

သိကြတဲ့အတိုင်း ဒီနေ့ ကမ္ဘာမှာ အရေးအခင်းများစွာ ဖြစ်ပျက်နေပါတယ်။ ကမ္ဘာမှာ အရေးအခင်းတွေက အရင်ကလည်း ရှိခဲ့တယ်။ ဒီနေ့အချိန်မှာ အရေးအခင်းတွေဟာ ပိုမိုကျယ်ပြန့်ရှုပ်ထွေးလာပြီး ထိန်းမနိုင်၊ သိမ်းမရအခြေအနေတွေ ဆိုက်ရောက်လာနေတယ်လို့ ဆိုချင်တာ ဖြစ်ပါတယ်။ ပြဿနာဖြစ်နေတဲ့ နိုင်ငံတွေဟာ ဘယ်သူ့ဘယ်သူမှ ဂရုမစိုက်ကြတော့ဘဲ ကြိုတင်လက်ဦးမှု ရယူလာကြပါတယ်။ အင်အားကြီးတဲ့သူက အနိုင်ရစတမ်းဖြစ်လာနေပြီး လက်နက်ရှိတဲ့သူက အပေါ်ကနေ စကားပြောပါတယ်။ ဆိုတော့ နိုင်ငံတွေအားလုံးက လက်နက်တွေ အပြိုင်အဆိုင်တပ်ဆင်စုဆောင်းလာကြပါတော့တယ်။ အဲဒီလိုတွေမဖြစ်အောင် UN ကို ဖွဲ့စည်းတည်ထောင်ထားတာလေ။

ဒုတိယကမ္ဘာစစ်ကြီးပြီးတဲ့နောက် ဖွဲ့စည်းခဲ့တဲ့ UN ရဲ့ အဓိကရည်ရွယ်ချက်က နောက်ထပ် စစ်ကြီးတစ်ခု တစ်နည်း တတိယကမ္ဘာစစ်ကြီး မဖြစ်ပွားစေဖို့ ဖြစ်တယ်။ မဟုတ်ရင် UN ကို ဘာလို့ထားနေဦးမှာလဲ။ လက်ရှိ UN မှာ ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့ (UN peacekeeping force) တွေလည်း ရှိတယ်။ UN မှာ ပဋိပက္ခရေးရာ ကျွမ်းကျင်သူတွေ (Conflict Specialists)၊ လုံခြုံရေးဆိုင်ရာ ကျွမ်းကျင်သူတွေ (Security Experts)၊ နိုင်ငံရေးရာအရာရှိတွေ (Political Affairs Officers) လည်း အများကြီးရှိတယ်။ ဒေသအလိုက် UN အထူးကိုယ်စားလှယ် (UN Special Envoy) တွေဆိုတာ ရှိတယ်။ သူတို့ လစာ၊ ခံစားခွင့်၊ အသုံးစရိတ်တွေအတွက် ငွေကြေးသုံးစွဲရတာတင် နှစ်စဉ် ဒေါ်လာသန်းရာနဲ့ချီတယ်။ ပရောဂျက်တွေ၊ ဝန်ထမ်းတွေ တစ်ခုပြီးတစ်ခု၊ တစ်ယောက်ပြီး တစ်ယောက်သာ ပြောင်းလဲသွားတယ်။ ပြဿနာတွေက ကျန်နေခဲ့တယ်။

ပြဿနာတွေက တင့်ငွေ့နဲ့ လောင်မြိုက်နေတယ်။ နောက်ဆုံး ဒီနေ့လို စစ်မက်တွေ ဖြစ်ပွားသည်အထိ ကျယ်ပြန့်ပေါက်ကွဲလာတယ်။ အဲဒီကျမှ လူသားချင်းစာနာမှုအကူအညီတွေပေးကြ၊ လူသားချင်းစာနာမှုအကူအညီပေးရေးလမ်းကြောင်းတွေ ပွင့်အောင် သက်ဆိုင်ရာ အစိုးရတွေကို ဖိအားပေးကြ၊ နောက်ထပ်အထူးကိုယ်စားလှယ်တွေ လွှတ်ကြနဲ့ ပြဿနာကို ကြိုလည်းမတားဆီးနိုင်ဘူး၊ လျော့ပါးအောင်လည်း မလုပ်နိုင်ဘူး။ ဖြစ်လာပြီဆိုမှ အလှူရှင်လိုလို၊ ကယ်တင်ရှင်လိုလို ပြုံးပြုံးပြပြနဲ့ ကြေညာချက်တွေထုတ်၊ ပြဿနာဖြစ်နေတဲ့ အဖွဲ့တွေအကြား နေရာဝင်ယူ၊ စကားလုလုတွေပြောပြီး ဖိအားတွေပေး၊ သူတို့ ပြောလို့မရတဲ့သူ (အင်အားကြီးတဲ့သူ) ဆို မပြောဘူး။ ဖိအားမပေးဘူး။ ပြောလို့ရတဲ့သူ (အင်အားသေးတဲ့သူ) ဆို ပြောတယ်။ ဖိအားပေးတယ်။ ပညာတတ်အဖွဲ့အစည်းပီပီ အဆင်ပြေသလို လှည့်ပတ်အလုပ်လုပ်တယ်။

ဒီလိုနဲ့ ကမ္ဘာကြီးက လုံးချာလည်လိုက်လာနေခဲ့တာ အခုဆို နှစ် ၈၀ ရှိခဲ့ပြီ။ နှစ် ၈၀ ဟာ ကမ္ဘာကြီးကို အတော်လေးရင့်ကျက်စေခဲ့ပြီ။ လုံးချာလည်လိုက်နေလောက်အောင် မ'အ'တော့တဲ့ ကမ္ဘာကြီးဖြစ်သွားပြီ။ ဆိုရှယ်မီဒီယာကြောင့် လူတွေ UN အကြောင်း ပိုသိလာပြီး UN ကို သမိုင်းနဲ့ပါ ချည်တုတ်ပြီး မေးခွန်းထုတ်လာကြပြီ။ UN ရှောင်တိမ်းခွင့် ကျဉ်းလာပြီ။

အခု ၂၀၂၅ ခုနှစ်မှာ ကမ္ဘာတစ်လွှား ဒီမိုကရေစီ၊ လူ့အခွင့်အရေး စံနှုန်းတွေဟာ အနိမ့်ဆုံးအဆင့်ကို ရောက်နေပြီး မညီမျှမှုတွေ၊ အကျင့်ပျက် ခြစားမှုတွေ၊ မတည်ငြိမ်မှုတွေ၊ နေရပ်ရွှေ့ပြောင်းသူတွေ၊ ခိုလှုံခွင့်တောင်းခံသူတွေ၊ ဒုက္ခသည်တွေဟာ သမိုင်းမှာ အများဆုံးအခြေအနေမှာ ရှိနေပါတယ်။ ဖြစ်နေတာတွေ အားလုံးအတွက် UN ကို အပြစ်တင်လို့တော့မရပါဘူး။ အချို့ကိစ္စတွေက ထိန်းချုပ်လို့ရပြီး အချို့ကိစ္စတွေက ထိန်းချုပ်လို့ မရပါဘူး။ မည်သို့ဆိုပါစေ၊ UN ဟာ နှစ်စဉ် ဒေါ်လာ ဘီလီယံနဲ့ချီပြီး အသုံးပြုနေတဲ့ကြားက ကမ္ဘာကြီးက တစ်နှစ်ထက် တစ်နှစ် မငြိမ်းချမ်းလာတဲ့အပြင် ပိုပြီးပြဿနာတွေ များလာတာကြောင့် UN ဘာလုပ်နေသလဲ။ UN ကော လိုအပ်သေးရဲ့လားဆိုတဲ့ မေးခွန်းတွေ အဆက်မပြတ်ထွက်ပေါ်လာနေပါတယ်။

### ငြိမ်းချမ်းရေးမှာ အနုတ်သဘောဆောင်လာ

UN အပေါ် စာနာသူတွေ ပြောတာရှိပါတယ်။ UN ကြောင့် ကမ္ဘာကြီးမှာ ဆင်းရဲခွဲတေမှုတွေ လျော့ကျသွားတယ်။ သဘာဝပတ်ဝန်းကျင်တွေ တိုးတက်ကောင်းမွန်လာတယ်။ လူတွေ အသက်ဘယ်လောက် ကယ်နိုင်ခဲ့တယ်။ အမျိုးသမီးအခွင့်အရေးတွေ တိုးတက်လာတယ် စသဖြင့်ပြောကြပါတယ်။ နို့...ဘာဖြစ်လို့ ကမ္ဘာကြီးက မငြိမ်းချမ်းလာသလဲ။ UN ထုတ်ပြန်ချက်တွေ အများစုက အားလုံးကို လုံးချထားတဲ့သဘော ဖြစ်တယ်။ အမျိုးသမီးတွေကို နေရာပေးရင်းနဲ့ပဲ ကမ္ဘာကြီးက မိန်းမဆန်လာပြီး ဆုံးဖြတ်ချက် မပြတ်သားတာတွေ၊ မျက်နှာလို မျက်နှာရလုပ်မှုတွေ၊ အမြင်မတူရင် ဖိနှိပ်မှုတွေ၊ သူ့လူကိုယ့်ဘက်သား ခွဲခြားမှုတွေ၊ ထစ်ခနဲဆို အမျိုးသမီးထုနဲ့ လှည့်ဖြန့်ရန်တိုက်တာမျိုးတွေ လွှမ်းမိုးလာပြီး ငြိမ်းချမ်းရေးမှာ အနုတ်သဘောဆောင်လာတယ်လို့ သုံးသပ်ရင်ကော လွန်မလားဗျာ။

ဒီနေရာမှာ အချို့ UN ထောက်ခံသူတွေက ကမ္ဘာကျော် Pew Research Center က ၂၀၂၄ ခုနှစ်မှာ ပြုလုပ်ခဲ့တဲ့ UN အပေါ် လူကြိုက်များမှု စစ်တမ်းကို ကိုးကားခုခံကြပါတယ်။ 2024 Pew Research မှာ နိုင်ငံပေါင်း ၃၅ နိုင်ငံကို စစ်တမ်းကောက်ယူထားပြီး စစ်တမ်းမှာ အများစုက UN ကို အကောင်းမြင်ဆဲဖြစ်ပြီး အချို့နေရာတွေမှာတော့ အဆိုးမြင်တယ်ဆိုပြီး ဖော်ပြထားပါတယ်။ ဒါကို UN ဆန့်ကျင်သူ အများစုက လက်မခံပါဘူး။ UN ကို အကောင်းမမြင်တဲ့သူ အများစုဟာ UN နှစ်ပေါင်းများစွာ ပါဝင်ပတ်သက်နေတဲ့ ပဋိပက္ခဖြစ်နေတဲ့နိုင်ငံတွေ၊ ဖွံ့ဖြိုးဆဲနိုင်ငံက လူတွေအများစုဖြစ်ပြီး Pew စစ်တမ်းမှာပါတဲ့ ၃၅ နိုင်ငံမှာ အလှူရှင်နိုင်ငံတွေ၊ ဖွံ့ဖြိုးပြီးနိုင်ငံတွေနဲ့ ဥရောပနိုင်ငံတွေက တစ်ဝက်လောက် ပါဝင်နေပါတယ်။ စစ်တမ်းဖြေဆိုတဲ့ လူအရေအတွက်နဲ့ ဘယ်လိုလူတွေကို မေးတယ်ဆိုတာ ရှင်းလင်းစွာမသိရဘဲ လူငယ်တွေက လူကြီးတွေထက်စာရင် UN ကို ပိုအကောင်းမြင်ကြတယ်လို့ စစ်တမ်းမှာ ဖော်ပြထားပါတယ်။

> **UN ဝန်ထမ်းတွေဟာ လူမှုဆက်ဆံရေးကိုသာ ဦးစားပေးပြီး ကိုယ့်ကိုမထိခိုက်စေအောင် အထူးသတိပြုကြပါတယ်။ ပညာတတ်တွေပီပီ ရစရာရှိတဲ့အခွင့်အရေးဆိုရင်တော့ ရှေ့ဆုံးက တောင်းကြပါတယ်။ UN ပိုက်ဆံသည် ကုမ္ပဏီပိုက်ဆံမဟုတ်တာကြောင့် အများကြီးဂရုစိုက်စရာမလိုပါဘူး။ ငွေက အရာရာကို ညီညွတ်စေပါတယ်။ ဒါကြောင့် UN ဟာ သူ့ရန်ပုံငွေပြတ်မယ်ဆိုရင် ကမ္ဘာ့သူ ကမ္ဘာ့သားတွေအတွက် ပူပင်တာထက်၊ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ပူပင်တာထက် သူတို့ ပရောဂျက်တွေ၊ သူတို့ဝန်ထမ်းတွေ အလုပ်တည်မြဲဖို့အတွက် ပူပင်တာဖြစ်**

လေ့လာသူတွေကတော့ လူကြီးတွေက UN ကို အကောင်းမမြင်တာ UN ဟာ ကြာကြာဝါးမှ ခါးမှန်းသိလို့ဖြစ်တယ်ဆိုပြီး တုံ့ပြန်ကြပါတယ်။ UN ဟာ အချိန်တွေကို ကစားပြီး လစာမိန်းထုတ်၊ အခွင့်သာမှ နေရာဝင်ယူတတ်တဲ့အဖွဲ့အစည်းအဖြစ် ဝေဖန်ကြပါတယ်။ သေချာတာက အများပြည်သူအတွင်း ၂၀၂၄ ခုနှစ် UN ရဲ့ ပုံရိပ်ဟာ ၂၀၂၃ ခုနှစ်ကထက်စာရင် သိသာစွာကျဆင်းသွားတယ်ဆိုပြီး 2024 Pew Research မှာ ဖော်ပြထားပါတယ်။ ၂၀၂၅ ခုနှစ်မှာ အစ္စရေး-ဟားမတ်စ် ပဋိပက္ခ အရှိန်မြင့်တက်လာမှုနဲ့ အီရန်-အမေရိကန် တင်းမာမှုတွေကြောင့် UN ဟာ ပိုပြီး ဂုဏ်သတင်းကျဆင်းဖွယ်သာ ရှိပါတယ်။

တကယ်တော့ ပြဿနာက UN အတွင်းမှာပဲ ရှိတယ်လို့ လေ့လာသူတွေက ထောက်ပြကြပါတယ်။ UN ဟာ ကမ္ဘာ့ရေးရာတွေနဲ့ ပတ်သက်လာရင် သူတို့သာလျှင် ဖြေရှင်းလိုပါတယ်။ သူတို့သာလျှင် လုပ်ပိုင်ခွင့်ရသူဖြစ်လိုပါတယ်။ ကျန်တဲ့အဖွဲ့အစည်းတွေကိုလည်း သူတို့နဲ့ ညှိနှိုင်းပြီးသာ လုပ်ကိုင်ဆောင်ရွက်စေလိုပါတယ်။ တစ်နည်း သူတို့ထီးရိပ်အောက်ကသာ လုပ်ကိုင်ဆောင်ရွက်စေလိုပါတယ်။ သူတို့သာလျှင် အမှန်၊ သူတို့သာလျှင် စွမ်းဆောင်နိုင်သူ၊ သူတို့သာလျှင် အခွင့်အာဏာရှိသူအဖြစ် မှတ်ယူပါတယ်။ သူတို့နဲ့ ပြိုင်ဘက်ပေါ်လာမှာ ကြောက်ရွံ့ပါတယ်။ သူတို့မလုပ်နိုင်တာ သူများလုပ်သွားနိုင်မှာ စိုးရိမ်ပါတယ်။ သူတို့လည်း ဖြစ်မြောက်အောင် မလုပ်နိုင်ဘူး။ ဖြစ်မြောက်အောင်လုပ်မယ့်အဖွဲ့တွေကိုလည်း မရှုဆိတ်ပါဘူး။

အခြားသူ အပြင်လူစကား နားထောင်စရာမလိုဘူး။ ငါတို့ အချင်းချင်းသာ နားထောင်မယ်ပေါ့။ ငါတို့အချင်းချင်းဆို မသိချင်ယောင်ဆောင်လို့ ရပါတယ်။ ဖျောက်စရာရှိတာ ဖျောက်လိုက်လို့ ရပါတယ်။ ကြီးတဲ့အမှုသေးအောင် လုပ်လို့ရပါတယ်။ သိပ်ဆိုးရွားမှသာ အပြင်ကိုထွက်ပါတယ်။ UN မှာ ညီညွတ်ရေးက အဓိကဖြစ်ပါတယ်။ ညီညွတ်ဖို့ဆိုတာ အမြင်မတော်လည်း ပြောလို့မရပါဘူး။ မသိချင်ယောင်ဆောင်နေပြီး ကိုယ့်တာဝန် အချိန်ကာလပြီးဆုံးရင် ထွက်သွားကြတာပါပဲ။ ပြုပြင်ပြောင်းလဲပြီး အရင်လူတွေလို မလုပ်ဘဲ ဖောက်ထွက်တွေးခေါ် အလုပ်လုပ်မယ် ဆိုရင်လည်း အားမပေးပါဘူး။ ဒီအစီရင်ခံစာကိုးကားပါဆိုရင် အဲဒီအစီရင်ခံစာပဲ ကိုးကားရပါတယ်။ အခြားအစီရင်ခံစာတွေ၊ ကိုယ်တိုင်လေ့လာသုံးသပ်မှုတွေ လုပ်လို့မရပါဘူး။ ရလည်း ခဏသာဖြစ်ပြီး တားဆီးခံရမှာဖြစ်ပါတယ်။

အထိအခိုက်ကိုလာရင် အရင်လူတွေတုန်းက ဘာမှမဖြစ်ဘူး။ သူ့ကျမှ ဖြစ်တယ်ဆိုပြီး ရွေးထုတ်အပြစ်တင်ခံရမှာ ဖြစ်ပါတယ်။ ဒါကြောင့် UN မှာ အောက်ခြေဝန်ထမ်းတွေထဲက ဖောက်ထွက်တွေးခေါ်လုပ်ကိုင်မယ့်သူ ထွက်လာခဲပါတယ်။ အခြားနိုင်ငံတကာအဖွဲ့အစည်းကြီးတွေလိုပဲ UN မှာ သက်ဆိုင်ရာဝန်ထမ်းသမဂ္ဂတွေရှိပေမယ့် သူတို့ကလည်း ဝန်ထမ်းအခွင့်အရေး၊ ဝန်ထမ်းလစာတွေဆိုတာတွေလောက်မှာ အာရုံစိုက်နေတာများပါတယ်။ အုပ်စုအတွင်း အလိုက်သင့်ပဲနေကြပါတယ်။

### အလိုက်အထိုက်ပဲနေကြ

UN အကြီးပိုင်းတွေကတော့ တစ်မျိုးဖြစ်ပါတယ်။ သူတို့က ယခင်က အစိုးရအဖွဲ့အရာရှိကြီးတွေ၊ ဝန်ကြီးတွေ၊ ဝန်ကြီးချုပ်တွေ စသဖြင့် အကြီးပိုင်း ရာထူးတာဝန်တွေယူခဲ့ကြတာဆိုတော့ သူတို့ လုပ်ရင်တော့ဖြစ်ပါတယ်။ သူတို့ကို ပြောမယ့်သူ၊ ပြောရဲတဲ့သူလည်း မရှိပါဘူး။ သို့သော် အားလုံးက UN စနစ်ကြီးထဲ ရောက်သွားရင် အလိုက်အထိုက်ပဲနေကြပါတယ်။ အပေါ်နဲ့အောက်နားလည်မှုနဲ့ အသံမထွက်အောင်နေကြပါတယ်။ နိုင်ငံတကာအသိုက်အဝန်းဆိုတာကလည်း နာမည်ဆိုးရှိတဲ့နိုင်ငံတစ်နိုင်ငံမှာ ပြဿနာတစ်စုံတစ်ခုဖြစ်ရင် အစ ဆွဲထုတ်၊ အစကနေ အဆုံးအထိ အုတ်အုတ်ကျက်ကျက်လိုက်တတ်ကြပေမယ့် နာမည်ကောင်းရှိတဲ့ UN လို အဖွဲ့အစည်းမျိုးဆိုရင် ပြဿနာတစ်စုံတစ်ခုရှိလာလည်း အတွင်းထဲမှာ ကျိတ်ဖြေရှင်းကြပြီး ဝိုင်းဝန်းတောင် ဖာထေးပေးတတ်ကြပါသေးတယ်။

ချုပ်ဆိုရရင် UN ဟာ ကမ္ဘာကြီးကို နှစ်ခါနစ်နာစေသလို ဖြစ်နေပါတယ်။ အပြင်မှာ သူ့ထက်သာလွန်တဲ့အဖွဲ့အစည်းတွေ၊ လူသားချင်းစာနာမှုလမ်းကြောင်း (humanitarian corridor) တွေ ဖြစ်ထွန်းပေါ်ပေါက်လာမှာကို အားမပေးဘူး။ အတွင်းမှာ သူ့ဝန်ထမ်းတွေလည်း ဦးနှောက်အညွန့်တုံးသလို ဖြစ်စေတယ်။ တစ်နည်း ပြောရဲဆိုရဲ တင်ပြရဲတဲ့ လူသားရင်းမြစ်တွေ ပျောက်ဆုံးသွားပါတယ်။

UN ဟာ ကမ္ဘာ့အကောင်းဆုံး လူသားရင်းမြစ်တွေကို ရွေးချယ်ခန့်အပ်တယ်ဆိုပေမယ့် UN ဟာ လူသားရင်းမြစ်အညွန့်တုံးစေတဲ့နေရာဆိုလည်း မမှားပါဘူး။ ဘယ်လိုလူသားရင်းမြစ်အညွန့်တုံးစေတာလည်းဆိုရင် UN ဟာ အတွင်းညီညွတ်ရေးကိုသာ ဦးစားပေးပါတယ်။ အများနဲ့လိုက်လျောညီထွေနေရပါတယ်။ လူမှုဆက်ဆံရေးသာ အဓိကဖြစ်ပါတယ်။ အားလုံးနဲ့ အဆင်ပြေတဲ့သူဆို ရှေ့ရောက်ပါတယ်။

**စာမျက်နှာ ၁၇ သို့** ✧

# မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား အသက်(၂၅)နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

မော်လမြိုင် ဇူလိုင် ၂၀

၂၀၂၅ ခုနှစ် မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ် ၁၀ မြို့နယ် အသက် (၂၅)နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက မော်လမြိုင်တက္ကသိုလ် အားကစားခန်းမ၌ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်ဖူဆယ်ဆပ်ကော်မတီဝင်များ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ဖူဆယ်အားကစားနည်းကို လူအများစိတ်ပါဝင်စားလာပြီး အားကစားသမားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ရရှိလာစေရန်နှင့် မွန်ပြည်နယ်ကိုယ်စားပြု ဖူဆယ်အသင်း အောင်မြင်မှုရရှိစေရန် ရည်ရွယ်ပြီး ကျင်းပရခြင်းဖြစ်ကြောင်း၊ ဖူဆယ်အားကစားနည်းသည် အသင်းလိုက် ယှဉ်ပြိုင်ရသည့်အတွက် နည်းစနစ်ကြွယ်ဝမှု၊ နည်းဗျူဟာကောင်းမွန်မှု၊ အချင်းချင်း တစ်ဦးနှင့်တစ်ဦး နားလည်မှုတို့ဖြင့် ယှဉ်ပြိုင်ကစားရပြီး အားကစားသမားများအနေဖြင့် ကြံ့ခိုင်မှု၊ လျင်မြန်မှုရှိစေရန် လေ့ကျင့်ထားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဖွင့်ပွဲစဉ်အဖြစ် ကျိုက်မရောမြို့နယ်ဖူဆယ်အသင်းနှင့် ရေးမြို့နယ် ဖူဆယ်အသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဖူဆယ်ပြိုင်ပွဲကို ဇူလိုင် ၁၉ ရက်မှ ၂၃ ရက်အထိ ငါးရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။




**စည်သူ(ပြန်/ဆက်)**

# မန္တလေးဘောလုံးသမားဟောင်းများအသင်းနှင့် ရုပ်ရှင်သရုပ်ဆောင်များပါဝင်သည့် YH 90 UNITEDအသင်းတို့ ချစ်ကြည်ရေးရန်ပုံငွေ ဘောလုံးပွဲကျင်းပ

မန္တလေး ဇူလိုင် ၂၀

မန္တလေးမြို့ရှိ ငလျင်ဒဏ်သင့် မိဘပြည်သူများအား ကူညီပံ့ပိုးမှုများ ပြုလုပ်ရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီနှင့် မန္တလေးဘောလုံးသမားဟောင်းများ အသင်းတို့ ပူးပေါင်း၍ မန္တလေးဘောလုံးသမားများအသင်းနှင့် YH 90 United ရုပ်ရှင်သရုပ်ဆောင်များ ပါဝင်သောအသင်းတို့ ချစ်ကြည်ရေးရန်ပုံငွေဘောလုံးပွဲကို ယနေ့ညနေ ၄ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ဗထူးအားကစားကွင်း၌ ကျင်းပသည်။



ဦးစွာ YH 90 United ရုပ်ရှင်သရုပ်ဆောင်များ အသင်းအား ဗထူးအထူးတန်းရှေ့တွင် အသင်းဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ညှော့ပရိသတ် အပေါင်းအား အထူးတန်းရှေ့ စင်မြင့်တွင် သရုပ်ဆောင် - အဆိုတော်များက တေးသံသာများဖြင့် ညှော့ခံဖျော်ဖြေ တင်ဆက်ကြသည်။

ထို့နောက် ချစ်ကြည်ရေးရန်ပုံငွေပွဲမစတင်မီ မန္တလေးဘောလုံးသမားဟောင်းများ အသင်းနာယကကြီး ဦးခင်မောင်လေးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အသင်းဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် ရုပ်ရှင်သရုပ်ဆောင်များအသင်းမှ သရုပ်ဆောင်သူထူးစံတို့က ကျေးဇူးတင်စကားများ ပြောကြားကြကာ အလှူရှင်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။ ထို့နောက် မန္တလေးတိုင်း အား/ကာညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်၊ မန္တလေး ဘောလုံးသမားဟောင်းများအသင်းနှင့် YH 90 United ရုပ်ရှင်သရုပ်ဆောင်များအသင်းမှ တာဝန်ရှိသူများက ကွင်းအတွင်း နေရာယူထားကြသည့် နှစ်ဖက်အသင်းမှ အားကစားသမားများနှင့် ဒိုင်လူကြီးများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြပြီး အမှတ်တရလက်ဆောင်များ အပြန်အလှန်လဲလှယ်ပေးအပ်ကြသည်။ ယင်းနောက် ချစ်ကြည်ရေးရန်ပုံငွေဘောလုံးပွဲ ယှဉ်ပြိုင်ကစားကြရာ ရုပ်ရှင်သရုပ်ဆောင်များ ပါဝင်သည့် YH 90 United အသင်းက လေးဂိုး- နှစ်ဂိုးဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

# MNL-2 အမှတ်ပေးပြိုင်ပွဲတွင် အသင်းရှစ်သင်း ယှဉ်ပြိုင်မည်

ရန်ကုန် ဇူလိုင် ၂၀

၂၀၂၅-၂၀၂၆ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ အသင်းစုစုပေါင်း ရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပထမအကျော့ပွဲစဉ်များကို ဩဂုတ် ၃ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

ပြီးခဲ့သည့်ရာသီ MNL-2 ပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခဲ့သည့် Chinland အသင်းနှင့် ဒုတိယရခဲ့သည့် တက္ကသိုလ်အသင်းတို့မှာ တန်းတက်ကစားခြင်း မရှိသဖြင့် MNL-2 တွင် ဆက်ကစားမည်ဖြစ်ပြီး တတိယရသည့် ရာမညယူနိုက်တက် တစ်သင်းသာ အစားထိုးတန်းတက်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် လာမည့်ရာသီ MNL-2 ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ Chinland အသင်းအပါအဝင် တက္ကသိုလ်အသင်း၊ မြဝတီအသင်း၊ ကချင်ယူနိုက်တက်အသင်း၊ Glory Goal အသင်း၊ ငွေကြယ်ပွင့်အသင်း၊ MNL-2 Promotion Amateur Club Tournament 2025 ပြိုင်ပွဲမှတစ်ဆင့် တန်းတက်ခွင့်ရထားသည့် ရန်ကုန်စီးတီးအသင်းနှင့် YB United အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ လာမည့်ရာသီ MNL-2 အမှတ်ပေးပြိုင်ပွဲမှာ စိတ်ဝင်စားစရာကောင်းနေပြီး လက်ရှိချန်ပီယံအသင်း ပြန်လည်ပါဝင်နေသလို လက်ရွေးစင်အဆင့်ကစားသမားများ၊ နာမည်ကြီးနည်းပြနှင့် နိုင်ငံခြားသားကစားသမားများ ခေါ်ယူထားခြင်းကြောင့် ရာသီမစတင်ကတည်းက ပရိသတ်များ၏ စိတ်ဝင်စားခြင်းခံနေရသည်။ လက်ရွေးစင်ဟောင်းများဖြစ်သည့် စည်သူအောင်နှင့် ကျော်ဇင်လွင်တို့ကို ခေါ်ယူထားသလို နာမည်ကြီးနည်းပြ ဦးအောင်နိုင်က ကိုင်တွယ်နေသည်။ ပွဲစဉ် (၁) အဖြစ် ဩဂုတ် ၃ ရက်တွင် ပဒုမ္မာကွင်း၌ ငွေကြယ်ပွင့်အသင်းနှင့် မြဝတီအသင်း၊ တက္ကသိုလ်ကွင်း၌ တက္ကသိုလ်အသင်းနှင့် ကချင်ယူနိုက်တက်အသင်း၊ ဩဂုတ် ၄ ရက်တွင် ပဒုမ္မာကွင်း၌ YB United အသင်းနှင့် Chinland အသင်း၊ တက္ကသိုလ်ကွင်း၌ ရန်ကုန်စီးတီးအသင်းနှင့် Glory Goal အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပထမအကျော့ပွဲစဉ်များကို ဩဂုတ် ၃ ရက်မှ အောက်တိုဘာ ၃၀ ရက်အထိ ရန်ကုန်မြို့ရှိ ပဒုမ္မာကွင်းနှင့် တက္ကသိုလ်ကွင်းတို့၌ ပြုလုပ်မည်ဖြစ်သည်။

**ကိုညီလေး**

# ပြင်ဦးလွင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဖလား (အမျိုးသား) ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ပြင်ဦးလွင် ဇူလိုင် ၂၀

ပြင်ဦးလွင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား အသင်းပေါင်းစုံ (အမျိုးသား) အသက် (၂၅) နှစ်အောက် ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့ မွန်းလွဲ ၃ နာရီက ပြင်ဦးလွင်ခရိုင် အားကစားကွင်းအတွင်းရှိ အားကစားခန်းမ (၁)၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင် အားကစားမှူး၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖူဆယ်ဘောလုံးဝါသနာရှင်များ တက်ရောက်အားပေးကြသည်။



အဆိုပါ ပြင်ဦးလွင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဖလား အသင်းပေါင်းစုံ အသက်(၂၅) နှစ်အောက် (အမျိုးသား) ဖူဆယ်ဘောလုံးပြိုင်ပွဲကို ဇူလိုင်၁၅ ရက်မှ ၁၈ ရက်အထိ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းတို့ဖြင့် အင်တိုက်အားတိုက် ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ဗိုလ်လုပွဲတွင် MBI FC အသင်းနှင့် HOG FC အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ MBI FC အသင်းက အနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး တာဝန်ရှိသူများမှ ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အကောင်းဆုံးကစားသမားဆုရရှိသူတို့အား ဆုတံဆိပ်များ၊ ဂုဏ်ပြုငွေများ၊ ဆုဖလားများကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

**❖ မြန်မာ့လက်ရွေးစင်မှ**

ဆောင်းနှင်းဖွေး (ရှမ်းယူနိုက်တက်)၊ မေသက်မွန်မြင့် (သစ္စာအားမာန်)၊ အလယ်တန်း-နော်ထက်ထက်ဝေ၊ ဖြူဖြူကျော် (ရောဝတီ)၊ ခင်မာလာထွန်း၊ ရွှေရည်ထွန်း (အား/ကာသိပ္ပံ)၊ ဝင်းဝင်း၊ ခင်မိုမိုထွန်း (သစ္စာအားမာန်)၊ နန်းဖြူဖြူသွယ်၊ ရူပါခိုင် (ရှမ်းယူနိုက်တက်)၊ ယွန်းဝတီလှိုင် (ရန်ကုန်ယူနိုက်တက်)၊ ရှေ့တန်း-စန်းသော်သော် (ရောဝတီ)၊ မြတ်နိုးခင် (သစ္စာအားမာန်)နှင့် မေထက်လူ (LA Pierce ကောလိပ်-အမေရိကန်) တို့ ပါဝင်သည်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းနည်းပြချုပ် ယုကီသည် တရုတ်ခရီးစဉ်သို့ ကစားသမား ၂၄ ဦး ခေါ်ဆောင်သွားပြီး မလေးရှားကလပ် ဆာဘားတွင် ကစားနေသည့် ဝင်းသိင်္ဂီထွန်းမှာ အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲမှသာ လာရောက်ပူးပေါင်းမည်ဖြစ်ကာ ဒဏ်ရာမှပြန်ကောင်းလာသည့် အသင်းခေါင်းဆောင် ခင်မာလာထွန်း ပြန်လည်ပါဝင်လာသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဇူလိုင် ၂၁ ရက်မှ ၃၀ ရက်အထိ တရုတ်နိုင်ငံတွင် လေ့ကျင့်မည်ဖြစ်ပြီး တရုတ် ယူ-၂၀ လူငယ်လက်ရွေးစင်အသင်းအပါအဝင် ခြေစမ်းပွဲသုံးပွဲကစားမည်ဖြစ်ကာ အာဆီယံပြိုင်ပွဲကျင်းပမည့် ဗီယက်နမ်နိုင်ငံသို့ တိုက်ရိုက်သွားရောက်မည်ဖြစ်သည်။ ၂၀၂၅ အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲကို ဩဂုတ် ၆ ရက်မှ ၁၉ ရက်အထိ ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဖိလစ်ပိုင်၊ ဩစတြေးလျ၊ တီမောအသင်းတို့နှင့်အတူ တစ်အုပ်စုတည်း ကျရောက်နေသည်။

**သတင်း-မောင်စံကြီး**
**ဓာတ်ပုံ-စိုးညွန့်သော်**

**❂ ကျောဖုံးမှ**

ကွာတားဖိုင်နယ်ပွဲများကို ဇူလိုင် ၂၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး JZ Yangon အသင်းနှင့် TG United အသင်း၊ M2K အသင်းနှင့် MIU အသင်း၊ YRG အသင်းနှင့် VUC အသင်း၊ YCDC MHDT အသင်းနှင့် Winner Generations အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MFF**

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့
အိုဇုန်းလွှာကို ထိန်းသိမ်းစို့



မန်ယူအသင်းမှ အင်္ဂလန်တောင်ပံကစားသမား ဂျာဒန်ဆန်ချိုဟာ အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းဆီ ပြောင်းရွှေ့ကစားဖို့ နီးစပ်နေပြီဖြစ်တယ်လို့ သိရပါတယ်။



လီဗာပူးအသင်းဟာ ဖရန့်ဖက်အသင်းမှ အသက် ၂၃ နှစ်အရွယ်ရှိ ပြင်သစ်တိုက်စစ်မှူး အက်ကီတီကီကို ပြောင်းရွှေ့ကြေးပေါင် ၇၈ သန်းဖြင့် ခေါ်ယူရန် ကမ်းလှမ်းထားတယ်လို့ သိရပါတယ်။



စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းဟာ ပရီမီယာလိဂ်ကလပ် မန်ယူအသင်းမှ အင်္ဂလန်တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ကို တစ်ပတ်လုပ်ခလစာပေါင် ၃၂၅၀၀၀ ပေးပြီး ခေါ်ယူသွားဖို့လည်း ရှိနေတာဖြစ်ပါတယ်။



ချယ်လ်ဆီးအသင်းဟာ လွန်ခဲ့တဲ့သုံးနှစ်အတွင်းက မန်စီးတီးအသင်းမှ ပေါင် ၄၇ ဒသမ ၅ သန်းဖြင့် ခေါ်ယူထားတဲ့ အင်္ဂလန်တောင်ပံကစားသမား စတာလင်ကို ပေါင်သန်း ၂၀ နဲ့ ရောင်းချရန် မျှော်လင့်လျက်ရှိတယ်လို့ သိရပါတယ်။

ငွေကြယ် - ရေးသားသည်

# ပြင်သစ်အမျိုးသမီးအသင်းကို ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရပြီး ဂျာမနီအမျိုးသမီးအသင်း အမျိုးသမီးယူရို ၂၀၂၅ ဆီမီးဖိုင်နယ်တက်လှမ်း

ပြင်သစ်အမျိုးသမီးအသင်းနဲ့ ဂျာမနီအမျိုးသမီးအသင်းတို့ ဇူလိုင် ၂၀ ရက်နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အမျိုးသမီး ယူရို ၂၀၂၅ ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်မှာ ဂျာမနီအမျိုးသမီးအသင်းက ပြင်သစ်အမျိုးသမီးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပါတယ်။



ပြင်သစ်အမျိုးသမီးအသင်းနဲ့ ဂျာမနီအမျိုးသမီးအသင်းတို့ပွဲစဉ်မှာ ပြင်သစ်အမျိုးသမီးအသင်းက ပထမပိုင်းပွဲကစားချိန် ၁၅ မိနစ်မှာ ဂီယိုရိုရဲ့ ပင်နယ်တီသွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး ဂျာမနီ အမျိုးသမီးအသင်းက ပွဲကစားချိန် ၂၅ မိနစ်မှာ နူစကန်ရဲ့ သွင်းဂိုးတစ်ဂိုးရရှိခဲ့လို့ သာမန်ပွဲကစားချိန်အတွင်းမှာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

ဂျာမနီ အမျိုးသမီးအသင်းဟာ ပထမပိုင်းပွဲကစားချိန် ၁၃ မိနစ်ကတည်းက ဟန်ဒရစ်ချ် တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရလို့ တစ်ယောက်လျော့နဲ့ ကစားခဲ့ရပေမယ့် သရေရလဒ်ထွက်ပေါ်အောင် ကစားနိုင်ခဲ့လို့ ပင်နယ်တီအဆုံးအဖြတ်ခံယူရာမှာတော့ ခြောက်ဂိုး-ငါးဂိုးနဲ့ အနိုင်ရရှိခဲ့ကာ ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

အမျိုးသမီး ယူရိုပြိုင်ပွဲတွေမှာ ရှစ်ကြိမ်အထိ ချန်ပီယံဖြစ်ထားတဲ့ ဂျာမနီအမျိုးသမီးအသင်းဟာ ၁၉၉၇ ခုနှစ်နောက်ပိုင်း အမျိုးသမီးယူရိုပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ကို ခုနစ်ကြိမ်မြောက် တက်လှမ်းခွင့်ရရှိခဲ့တာလည်း ဖြစ်ပါတယ်။

ဂျာမနီအမျိုးသမီးအသင်းဟာ ပြင်သစ်အမျိုးသမီးအသင်းကို အနိုင်ရရှိကာ အမျိုးသမီးယူရို ၂၀၂၅ ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်တာကြောင့် ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်မှာ စပိန်အမျိုးသမီးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်းဖြစ်ပါတယ်။

# ဘရန့်ဖို့ဒ်တောင်ပံကစားသမား အမ်ဘူမိုအား ပေါင် ၆၅ သန်းဖြင့် ခေါ်ယူရန် မန်ယူအသင်း သဘောတူညီမှုရရှိ

မန်ယူအသင်းဟာ ဘရန့်ဖို့ဒ်အသင်း တောင်ပံကစားသမား အမ်ဘူမိုကို ပြောင်းရွှေ့ကြေးပေါင် ၆၅ သန်းဖြင့် စာချုပ်ချုပ်ဆိုခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီလည်းဖြစ်ပါတယ်။



ကင်မရွန်းကြယ်ပွင့် အမ်ဘူမိုဟာ မန်ယူအသင်းရဲ့ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအကြိုခြေစမ်းပွဲစဉ် စတင်ယှဉ်ပြိုင်ကစားမယ့် ဇူလိုင် ၂၂ ရက်နေ့မတိုင်မီ ကျန်းမာရေးဆေးစစ်မှုတွေ ပြုလုပ်သွားဖို့လည်း ရှိနေတာဖြစ်ပါတယ်။

လက်ရှိအချိန်မှာ အသက် ၂၅ နှစ်အရွယ်ရှိ တောင်ပံကစားသမား အမ်ဘူမိုအနေနဲ့ မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားရန် သဘောတူညီထားပြီဖြစ်တာကြောင့် မန်ယူအသင်းအတွက် ယခုအပြောင်းအရွှေ့ကာလအတွင်း စာချုပ်ချုပ်ဆိုခေါ်ယူမယ့် သုံးဦးမြောက် ကစားသမားလည်း ဖြစ်လာတော့မှာ ဖြစ်ပါတယ်။

မန်ယူအသင်းဟာ ယခုအပြောင်းအရွှေ့ကာလအတွင်းမှာ တိုက်စစ်မှူး ကွန်ဟာနဲ့ ဘယ်နောက်ခံကစားသမား ဒီယေဂိုလီယွန်တို့ကိုလည်း ခေါ်ယူထားပြီးဖြစ်ပါတယ်။ မန်ယူအသင်းအနေနဲ့ တောင်ပံကစားသမား အမ်ဘူမိုကို ဇွန်လအတွင်းက ပြောင်းရွှေ့ကြေးပေါင် ၅၅ သန်းနဲ့ ခေါ်ယူဖို့ စတင်ကမ်းလှမ်းခဲ့တာလည်းဖြစ်ပါတယ်။

တောင်ပံကစားသမား အမ်ဘူမိုဟာ ၂၀၁၉ ခုနှစ်အတွင်းက ထရွိုင်းယက်စ်အသင်းကနေ ဘရန့်ဖို့ဒ်အသင်းဆီ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး လက်ရှိအချိန်မှာ မန်ယူအသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီထားပြီဖြစ် တာကြောင့် ဘရန့်ဖို့ဒ်အသင်းအတွက် ဈေးအကြီးဆုံးနဲ့ ပြောင်းရွှေ့ခွင့်ရရှိမယ့် ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်တော့မှာဖြစ်ပါတယ်။

# ဆောက်သမ်တန်ကစားသမား ဝေါကာပီတာ ဝက်စ်ဟမ်းအသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီ

ဆောက်သမ်တန်အသင်း ကစားသမား ဝေါကာပီတာဟာ ဝက်စ်ဟမ်းအသင်းသို့ ပြောင်းရွှေ့ကစားရန် ပုဂ္ဂိုလ်ရေးဆိုင်ရာသဘောတူညီမှုရရှိထားပြီဖြစ်တယ်လို့ သိရပါတယ်။

အသက် ၂၈ နှစ်အရွယ်ရှိ အင်္ဂလန်ကြယ်ပွင့် ဝေါကာပီတာဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက ဆောက်သမ်တန်အသင်း ပရီမီယာလိဂ်ပြိုင်ပွဲကနေ တန်းဆင်းသွားခဲ့ပြီးနောက် ဆောက်သမ်တန်အသင်းနဲ့ လမ်းခွဲခဲ့တာဖြစ်ပါတယ်။

ဗဟိုနောက်ခံကစားသမား ဝေါကာပီတာဟာ အင်္ဂလန်နိုင်ငံလက်ရွေးစင်အသင်းနဲ့အတူ နှစ်ပွဲသာ ပါဝင်ကစားခွင့်ရရှိသေးပေမယ့် ဆောက်သမ်တန်အသင်းအတွက်တော့ ၂၀၂ ပွဲပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုး ခြောက်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ဝေါကာပီတာဟာ ကနဦးက စပါးအသင်းကနေ ဆောက်သမ်တန်အသင်းသို့ အငှားစာချုပ်နဲ့ ပြောင်းရွှေ့လာခဲ့တာဖြစ်ပေမယ့် ၂၀၂၀ ပြည့်နှစ်မှာ အမြဲတမ်းစာချုပ်နဲ့ ဆောက်သမ်တန်အသင်းဆီ ပြောင်းရွှေ့လာခဲ့တာဖြစ်ပါတယ်။



ဗဟိုနောက်ခံကစားသမား ဝေါကာပီတာဟာ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီမှာ ဆောက်သမ်တန်အသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၄၃ ပွဲပါဝင်ကစားပေးခဲ့ပြီး ၂၀၂၄-၂၀၂၅ ဘောလုံးရာသီမှာတော့ ၃၅ ပွဲ ပါဝင်ကစားပေးခဲ့တာဖြစ်ပါတယ်။

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သားလေ့ကျင့်နိုင်ရန် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်စေရန်အတွက် ပြဋ္ဌာန်းစာအုပ်ဆိုင်ရာ လေ့ကျင့်ခန်းများကို ဖော်ပြသွားမှာဖြစ်ပါတယ်။

Grade 4

## Unit 2 Animals

## Lesson 1 There is / are...

**I. Write C for countable nouns and U for uncountable nouns**

1. milk U _ _ _ 2. goat ——— 3. butter ———
4. cow ——— 5. water ——— 6. minute ———
7. tea ——— 8. child ——— 9. homework ———
10. turkey ——— 11. rice ——— 12. woman ———
13. shark ——— 14. bread ——— 15. dolphin ———
16. vegetable ——— 17. weather ——— 18. sheep ———
19. cat ——— 20. pig ——— 21. lion ———
22. horse ——— 23. rat——— 24. mouth ———
25. grass ——— 26. aircraft——— 27. ox———
28. tiger ——— 29. kangaroo ——— 30. octopus———

**II. Write plural nouns for the given singular nouns.**

| | Singular | Plural |
|---|---|---|
| 1. | cat | ——— |
| 2. | dog | ——— |
| 3. | house | ——— |
| 4. | potato | ——— |
| 5. | tomato | ——— |
| 6. | goose | ——— |
| 7. | box | ——— |
| 8. | watch | ——— |
| 9. | deer | ——— |
| 10. | goat | ——— |
| 11. | photo | ——— |
| 12. | turkey | ——— |
| 13. | sheep | ——— |
| 14. | country | ——— |
| 15. | baby | ——— |
| 16. | fish | ——— |
| 17. | day | ——— |
| 18. | boy | ——— |
| 19. | leaf | ——— |
| 20. | ox | ——— |

**III. Put into the plural as in No. 1.**

1. **A cat is an animal.**
   **Cats are animals.**
2. A potato is a vegetable.
3. A cow gives milk.
4. A room is a bedroom, a sitting -room and a dining -room.
5. A fish can swim.
6. A garden has a tree.
7. A pencil is like a pen.
8. A chair is made of wood.
9. A box has a lid.
10. A writer writes a book.

**Answers:**

Unit 2 Animals

Lesson 1 There is / are...

I.1. U 2. C 3. U 4. C 5. U 6. C 7. U 8. C 9. U 10. C 11. U 12. C 13. C 14. U 15. C 16. C 17. U 18. C 19. C 20. C 21. C 22. C 23. C 24. C 25. U 26. C 27. C 28. C 29. C 30. C

II. 1. cats 2. dogs 3. houses 4. potatoes 5. tomatoes 6. geese 7. boxes 8. watches 9. deer 10. goats 11. photos 12. turkeys 13. sheep 14. countries 15. babies 16. fish 17. days 18. boys 19. leaves 20. oxen

III. 2. Potatoes are vegetables. 3. Cows give milk. 4. Rooms are bedrooms, sitting-rooms and dining-rooms. 5. Fish can swim. 6. Gardens have trees. 7. Pencils are like pens. 8. Chairs are made of wood. 9. Boxes have lids. 10. Writers write books.

**************************

Grade 5

## Unit 2

## Lesson 2: Seasons

**Section (B) Reading**

**II. (A) Look at the picture and write True or False to answer the given words.**

(1)  Spring (1) ________________

(2)  It's the rainy season. (2) ________________

(3)  It is summer. (3) ________________

(4)  winter (4) ________________

(5)  autumn (5) ________________

**(B) Read the following dialogue and fill in the blanks with the suitable words given below.**

| weather | Not | day | and | spring |
|---|---|---|---|---|
| rainy | rains | when | season | Yes |

Toe Toe: What is the ___________like? (1) ______________
Myo Myo: It is __________. (2) ______________
Toe Toe: Do you like it when it________? (3) ______________
Myo Myo: ________at all. I hate raining. (4) ______________
Toe Toe: What do you usually do __________ it's rainy? (5) ______________
Myo Myo: I usually read books ___________ listen to music. (6) ______________
Toe Toe: What's your favourite__________? Why? (7) ______________
Myo Myo: Let's see. I love ________ when trees and flowers blossom. (8) ______________
Toe Toe: Isn't it a beautiful day?
Myo Myo:____________, it is. (9) ______________
Toe Toe: Will it be sunny all________? (10) ______________
Myo Myo: Yes, it will, I think.

**(C) Read the passage and answer the questions.**

This is Khin May. She is a nurse. She's tall and thin. She works at the hospital. She looks after sick people. She gets up at six o'clock in the morning. She takes a shower and puts on her clothes. Then she eats breakfast at half past six. At seven o'clock, she drives her car to the hospital.

Khin May starts work at eight o'clock. She cleans the rooms in the hospital. Then, she helps the doctors. At twelve o'clock, she has lunch. She goes home at five o'clock.

At home, she takes a shower and she cooks dinner. She has dinner at half past six in the evening. Then, she watches TV. At ten o'clock, she goes to bed.

(1) What does Khin May's job?
(2) When does Khin May leave for the hospital?
(3) What does Khin May do at the hospital?
(4) When does Khin May go back home?
(5) What does Khin May do when she gets home?

## Writing

**III.(A) Fill in the blanks with a suitable word form.**

(1) I like the (rain) _____________ season.
(2) It is (sun) _________ today.
(3) It will be (snow) __________ tomorrow.
(4) The (hot) _________ is intense.
(5) It is (cold) ___________ in winter than in autumn.

**(B) Supply the correct form of the verb given the brackets.**

(1) (have) She _________ two brothers and one brother.
(2) (get) I _________ a lot presents on my recent birthday.
(3) (watch) We _________ the football match on TV at present.
(4) (listen) Father always __________ to the radio.
(5) (thank) We ____________ them for all their help.

***********

**Answers:**

Unit 2 Time and seasons

Lesson 2: Seasons

Section (B) Reading

II. (A) (1) False (2) True (3) True (4) False (5) True
(B) (1) weather (2) rainy (3) rains (4) Not (5) when (6) and (7) weather (8) spring (9) Yes (10) day
(C) (1) Khin May is a nurse. (2) Khin May leaves for the hospital at seven o'clock. (3) Khin May cleans the rooms and helps the doctors at the hospital. (4) Khin May goes back home at five o'clock. (5) Khin May takes a shower, cooks dinner, has dinner and watches TV when she gets home.

Section (C) Writing

III. (A) (1) rainy (2) sunny (3) snowy (4) heat (5) colder
(B) (1) has (2) got (3) are watching (4) listens (5) thanked

**************************

Grade 6

## Lesson 2: Greetings from postcards

## Reading

**Postcard 1**

Hi KK,

I wish you were at Ngapali with me, picking up seashells along the shore. Every day, I eat seafood - crabs and prawns. They are fresh and delicious. (Prawn is very expensive.) The weather is fine. It's sunny and breezy. We swim in the sea in the morning and evening, but take a rest in the bungalow all afternoon. While my sister and I are swimming. Mum and Dad enjoy walking along the shore. I'll bring a nice seashell necklace for you.

Yours,

Mie Mie

**Read the postcards and answer the questions.**

(1) With whom did Mie Mie go to Ngapali Beach?
(2) What did Mie Mie pick up at Ngapali Beach?
(3) What seafood did Mie Mie eat every day?
(4) What was the weather when Mie Mie was at Ngapali Beach?
(5) What did Mie Mie do at the beach in the morning and evening?
(6) What did Mie Mie do in the afternoon?
(7) What do Mie Mie's parents enjoy along the shore?
(8) What will Mie Mie bring to her friend KK from Ngapali Beach?

**Postcard 2**

Hi Zin Zin,

Merry Christmas and Happy New Year from Pyin Oo Lwin! I'm now in the National Kandawgyi Gardens and I'm thinking about you. You like flowers and fresh fruits, right? There are lots of strawberries here, and I think you'll be happy if you see them. The swans swimming in the lake are lovely. The weather is cool and pleasant! We went to the waterfall and Peik Chin Myaung Cave yesterday. I've learnt a lot from this visit. Come along with me next time.

Love,

Tin Zar

**Read the postcards and answer the questions.**

(1) Where was Tin Zar while she was writing the postcard to Zin Zin?
(2) What fruits are abundant in Pyin Oo Lwin? (abundant = ပေါများသော)
(3) What was the weather when Tin Zar was in Pyin Oo Lwin?
(4) Where did Tin Zar go in Pyin Oo Lwin?

***************

စာမျက်နှာ ၂၁ သို့ ☆

✰ စာမျက်နှာ ၂၀ မှ

Grade 7

## Unit 1

### Lesson 2 : Life as an artiste

Answers:

Unit 1 Lesson 2 : Life as an artiste

V. Read the passage (1) (A) 1. childhood; 2. sibling; 3. passionate; 4. Artiste; 5. comedy; (B) 6. A typical Myanmar Zat Pwe is a classical dance drama. 7. It usually begins with the candlelight dance. 8. Different types of dance, Myanmar opera, and slapstick comedy follows the candlelight dance. 9. The classical dance-drama presents one of the jataka tales. 10. The jataka tales are the 550 stories of Lord Buddha's earlier lives. 11. The jataka tales give moral lessons. 12. Mg Tin Maung's parents were U Pya and Daw May. 13. Mg Tin Maung was born in 1918 in Mandalay. 14. Mg Tin Maung had nine siblings and he was the youngest. 15. Mg Tin Maung had been passionate about singing and dancing since childhood. 16. His first step towards Zat Pwe was dancing at a puppet show. 17. Mya Chay Gyin Ma Ngwe Myaing taught the performing arts to him. 18. Mg Tin Maung learnt the performing arts from Mya Chay Gyin Ma Ngwe Myaing for three years. 19. He founded Shwe Man Thabin in 1933. 20. Mg Tin Maung became a famous artiste in 1933.

*******************

(ယခင်တစ်ပတ်မှအဆက်)

Read the passage (2)

C In 1959, Shwe Man Tin Maung was invited to the United States of America as a **representative** of the Myanmar cultural troupe. During his visit, he learnt by heart the 27 verses on the Buddha's **renunciation**. His diligence and hard work set a model for new generations of Myanmar artistes to emulate. Moreover, Shwe Man Tin Maung was dedicated to his art and always held his audience in respect. Although he was very famous, he was **modest**.

D In addition, he was very **imaginative** and creative. Where necessary, he used back drops and props of his choice to bring cut the best effect. He also encouraged competition among male dancers in order to bring out the best in grace and style. His new style of the duet dance was very popular at that time. Throughout his life as an artiste, he kept on innovating novel choreography and new operas.

E In 1953, Shwe Man Tin Maung received the title Alinga Kyaw Swa, which is awarded to outstanding artistes in Myanmar. In 1969, Shwe Man Tin Maung died while dancing on the stage. His name will never fade away. He remains a **historic** artiste of Myanmar.

**(A) Find the bold-faced words in the passage that use similar in meaning to the following definitions.**

(1) famous or important in history (1) __________

(2) a person chosen or appointed to act or speak for another or others. (2) __________

(3) having or showing creativity (3) __________

(4) unassuming in the estimation of one's abilities or achievements (4) __________

(5) the formal rejection of something (5) __________

**********************

Grade 8

### Lesson 2: Learning starts at home

(ယခင်တစ်ပတ်တွင် ဖော်ပြပါရှိခဲ့သော မေးခွန်းများ၏ အဖြေများ)

Answers:

Read the passage. (A) 1. beneficial 2. cooperative 3. fitness 4. cleaning 5. responsible (B) 1. Developinga sense of responsibility and unity, developing life skills,etc. are some benefits of doing activities together as a family. 2. The parent reminds the children to eat a variety of food to make them aware of the importance of having a balanced diet. 3. The children occasionally learn table manners while having meals together. 4. The family members share cleaning the windows, sweeping the floor, and doing the dishes on Saturdays. 5. The children become more responsible and cooperative by sharing household chores with the family. 6. They go to the park for jogging or cycling. 7. The family does indoor activities when it rains on Sundays. 8. As a result of engaging in outdoor activities, the children enjoy doing physical exercise and later realize its value. 9. The writer suggests other families try these routines because the writer believes they are beneficial and not difficult to follow. Writing (A) 1. We have dinner together every day. 2. We share the household chores every day. 3. My children enjoy doing physical exercise. 4. What do you do together with your family? 5. How often do you ride a bike a week?

(B) My family routines

My family and I have breakfast together at home every morning. On weekends, we go to the park to exercise and play games. In the evenings, we cook and eat dinner together in the kitchen. We watch a movie or play board games at home every Saturday night. Every Sunday, we clean the house together to keep it neat and tidy. Spending time together helps us stay connected and happy. These activities teach us teamwork, responsibility, and the importance of family.

***********************

Lesson 3: Busy dad!

Exercises

**(A) Order the words to make sentences correct.**

1. always / breakfast / I / eat / in / morning / the
2. usually / she / goes / to / school / by / bus
3. is / late / he / never / for / work
4. sometimes / my / plays / brother / video / games
5. often / we / go / weekends / on / the / beach / to
6. rarely / they / eat / fast / food
7. in / the / I / library / study / occasionally
8. takes / always / his / umbrella / Ko Lin
9. usually / the / they / homework / in / evening / do/ their
10. she / early / wakes / up / never / on / Sundays

**(B) Each sentence has a mistake in the placement of the adverb of frequency. Rewrite the sentences correctly.**

1. I go always to school at 7 a.m.
2. She late is never for class.
3. We eat sometimes lunch at the park.
4. My brother watches often TV in the evening.
5. They go rarely to the cinema because they are busy.

**(C) Rewrite the sentences using the adverb of frequency in parentheses (always, usually, often, sometimes, rarely, never).**

1. She drinks tea in the morning. (always)
2. We play basketball on the weekends. (often)
3. He is late for school. (never)
4. They go to the beach in summer. (sometimes)
5. My mom cooks dinner for the family. (usually)

**(D) Choose the correct adverb of frequency for each sentence.**

1. I __________ (always / rarely) brush my teeth before bed.
2. She __________ (never / often) eats vegetables because she doesn't like them.
3. We __________ (sometimes / always) watch a movie on Saturday nights.
4. He __________ (usually / never) forgets his books at home.
5. My grandparents __________ (rarely / always) travel by airplane.

***************************

Grade 9

### Unit 1 Lesson 2: How's everything with you?

(ယခင်တစ်ပတ်တွင် ဖော်ပြပါရှိခဲ့သော မေးခွန်းများ၏ အဖြေများ)

Answers:

Unit 1 Lesson 2 : How's everything with you?

IV. 1. addressed 2. shook 3. hugged 4. introduce 5. gathered 6. greeted 7. communicate 8. responded 9. will use 10. have called 11. will express 12. earns

V.(1) Read the passage.

(A) 1. cultures; 2. headache; 3. response; 4. communication; 5. conversation;

(B) 6. A greeting is a way of being friendly or polite to someone. 7. We can open up a channel of communication through greeting. 8. People in different cultures exchange greetings by saying "Hello", "Good morning", and "How are you?". 9. Examples of questions used as greetings in many languages include "How are you?", "How's it going?", and "How's everything with you?"10. It is not necessary to give a full or true answer when responding to these greeting-like questions because they are not regarded as real questions. 11. The commonest greeting in English that asks about a person's health is "How are you?" 12. People typically respond with fixed expressions like "I'm fine, thanks" or "I'm very well, thanks."

*********************

(ယခင်တစ်ပတ်မှ အဆက်)

Unit 1 Lesson 2: How's everything with you?

(2) Read the passage

Small talk

In most cultures, a greeting is usually followed by short conversations, called "small talk", which is also a way to express politeness, **warmth** and friendliness. Small talk means unimportant things we talk about at the beginning of a conversation. Such conversations take place at bus stops, on buses and trains, in lifts – almost anywhere we gather close together. These short verbal exchanges deal with broad topics such as the weather, **customer** service, movies or TV shows, or a particular **consumer** product. In many cultures, money, family, religious beliefs and politics are not suitable topics for small talk. The **topics** for small talk depend on where the conversation is taking place. For instance, at tennis matches, people make small talk about the game they are watching: "Great game, isn't it?" In fact, small talk enables us to earn the favour and respect of our friends or **colleagues** and achieve even success in life.

**(A) Find the bold-faced words in the passage that use similar in meaning to the following definitions.**

(1) people with whom one works in a profession or business (1) ________

(2) a person who buys goods or services from a shop (2) ________

(3) enthusiasm, affection, or kindness (3) ________

(4) subjects that are written about, discussed, or studied (4) ________

(5) a person who purchases goods and services for personal use (5) ________

**(B) Answer the following questions in complete sentences.**

(6) What typically follows a greeting in most cultures?

(7) Why do people make "small talk" after a greeting?

(8) Where do people usually make "small talk"?

(9) What are some examples of broad topics often covered in small talk?

(10) Where do the topics for small talk depend on, according to the given information?

(11) What is an example of small talk mentioned in the context of tennis matches?

(12) How does making "small talk" help us in our life?

**********************

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (The Perfect English Supplement Editorial Group) ၀၉-၄၃၁၅၇၀၇၃ ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# မိုက်ခရိုပရိုဆက်ဆာတို့ တိုးတက်ပြောင်းလဲလာခြင်း(၃)




**နီဇော်သစ်**

စီပီယူများတာဝန်ကို ဂျီပီယူများက ပူးတွဲထမ်းဆောင်ပြီး အေအိုင်ချစ်ပ်များဖြစ်လာသည့် အကြောင်း ဆက်မသွားခင် တစ်ဖက်မှ အရေးကြီးသည့် နည်းပညာတိုးတက်မှုတစ်ခုဖြစ်သော ချစ်ပ်များပေါ်တွင် ကျုံ့နိုင်သမျှ ကျုံ့အောင်လုပ်သည့် နည်းပညာအကြောင်းလည်း ထည့်ပြောရန်လိုအပ်ပါသည်။ ကျုံ့နိုင်သမျှ ကျုံ့အောင်လုပ်သည့်နည်းပညာသည် အထွေထွေသုံးနည်းပညာတစ်ခုအထိ ဖြစ်မလာနိုင်သော်လည်း ဒုတိယစက်မှုတော်လှန်ရေးမှ တတိယစက်မှုတော်လှန်ရေးသို့ အကူးအပြောင်းတွင် အရေးပါသည့် ပေါင်းကူးနည်းပညာဖြစ်ကြောင်း ရှေ့တွင်တင်ပြခဲ့သည်။ ယနေ့ခေတ်စားနေသည့် အက်စ်အိုစီ သို့မဟုတ် ချစ်ပ်တစ်ခု စနစ်တစ်ခု နည်းပညာအတွက်လည်း ကျုံ့နိုင်သမျှ ကျုံ့အောင်လုပ်နိုင်ခြင်းက အရေးကြီးဆုံးနေရာတွင် ပါဝင်ကြောင်း မြင်နိုင်ပါလိမ့်မည်။

အိုင်စီများ စတင်ထုတ်လုပ်သည့် ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း ထရန်စစ္စတာတစ်လုံး၏ အရွယ်အစားသည် (တကယ်တော့ ထရန်စစ္စတာဂိတ်၏ အရွယ်အစားဖြစ်သည်) ၁၀ မိုက်ခရိုမီတာလောက်ရှိသည်။ မိုက်ခရိုမီတာဆိုသည်မှာ တစ်မီတာ၏ အပုံတစ်သန်းပုံ တစ်ပုံဖြစ်သည်။ ၁၉၈၀ ပြည့်လွန်နှစ်များအတွင်း စီမော့စ်ချစ်ပ်များတွင် ၅ မိုက်ခရိုမီတာအထိ တစ်ဝက်ခန့် ပိုကျုံ့လာသည်။ ထို့ကြောင့် အီလက်ရွှန်နစ်ဘာသာရပ်တွင် မိုက်ခရိုအီလက်ထရွန်နစ်ဟု သီးခြားဘာသာခွဲတစ်ခု ပေါ်ပေါက်လာသည်။ ကျွန်တော်တို့ ၁၀ တန်းအောင်ပြီးခါစအချိန် ၁၉၉၀ ပြည့်လွန်နှစ်များတွင် အလွန်ခေတ်စားသော ဘာသာရပ်ဖြစ်သည်။ ထိုကာလအတွင်းမှာပင် ဆပ်မိုက်ခရွန်ခေတ်ကို စတင်ဝင်ရောက်သည်။ ၁၉၉၃ ခုနှစ်တွင် ထွက်လာသော အင်တဲလ်၏ ပန်တီယံစီပီယူသည် ၈၀၀ နာနိုမီတာအထိ ကျုံ့လာသည်။ နာနိုမီတာဆိုသည်မှာ တစ်မီတာ၏ အပုံသန်း ၁၀၀၀ ပုံ တစ်ပုံဖြစ်သည်။ ထိုမှ ၁၉၉၉ ခုနှစ်တွင် ၂၅၀ နာနိုမီတာအထိ ကျုံ့အောင်လုပ်နိုင်ခဲ့ကြသည်။

ထရန်စစ္စတာ ထုတ်လုပ်မှု နည်းပညာများသည် (၅ နာနိုမီတာအရွယ်အစား မရောက်ခင်အထိ) ရှေးရိုးစံထား ရူပဗေဒနိယာမများအောက်တွင်သာ ရှိသည်။ ကွမ်တမ်သဘောတရားများမပါဝင်။ ထို့ကြောင့် အက်တမ်၏ အရွယ်အစားနားနီးလာချိန်တွင် အီလက်ထရွန်နစ်ဘာသာရပ်ဟု ဖြစ်လာစေသော အီလက်ထရွန်တို့ ကိုယ်တိုင်ကပင်လျှင် အနှောင့်အယှက်ဖြစ်လာတော့မည်။ ဆိုလိုသည်မှာ အီလက်ထရွန်နစ်ဘာသာရပ်သည် အက်တမ်ကို စွမ်းအင်တစ်ခုပေးလိုက်ပြီး ထိုစွမ်းအင်ကြောင့် အက်တမ်မှ လွတ်ထွက်လာသည့် အီလက်ထရွန်များ တစ်နည်း လွတ်လပ်အီလက်ထရွန်များဖြင့်သာ အလုပ်လုပ်သည်။ အက်တမ်ထဲတွင် အမှန်တကယ် ဘယ်နားရှိမှန်းပင်မသိသော အီလက်ထရွန်များနှင့် အလုပ်လုပ်ခြင်းမဟုတ်။ ထို့ကြောင့် ထရန်စစ္စတာတို့၏အရွယ်အစား အက်တမ်အကန့်အသတ်နားသို့ ရောက်လာချိန်တွင် တစ်ဖက်၌ ကွမ်တမ်ကွန်ပျူတာနည်းပညာများဖွံ့ဖြိုးတိုးတက်အောင် လုပ်လာရသည်မှာ သဘာဝကျပါသည်။

မည်သို့ပင်ဖြစ်စေ ထရန်စစ္စတာဂိတ်တို့၏ အရွယ်အစား အက်တမ်နားသို့ကပ်လာအောင် ကျုံ့နိုင်ခြင်းသည် ယခင်က စိတ်ကူး၍ပင်မရနိုင်သော ဖန်တီးမှုများကို လုပ်လာနိုင်သည်။ အထူးသဖြင့် အက်စ်အိုစီ(SoC)ဟုခေါ်သည့် ချစ်ပ်တစ်ခု စနစ်တစ်ခု နည်းပညာဖြစ်သည်။ ထိုနည်းပညာမှာ အသစ်အဆန်းမဟုတ်။ မိုက်ခရိုကွန်ထရိုလာတို့ စတင်ဖွံ့ဖြိုးတိုးတက်လာကတည်းက စတင်ခဲ့သည့် သဘောတရားဖြစ်သည်။ ကွန်ပျူတာများကို အသုံးပြုရာတွင် လူနှင့် စက်အကြား မော်နီတာပေါ်၌ ကီးဘုတ်၊ မောက်စ်တို့နှင့် ခိုင်းစေနိုင်သည့် ဂရပ်ဖစ်အချိတ်အဆက်တစ်ခုရှိသည်။ GUI ဟု ခေါ်သည်။ ထိုသို့ ဂျီယူအိုင်ပါဝင်သည်ကို စနစ်(system)ဟု ခေါ်သည်။ ကွန်ထရိုလာသုံးစက်များနှင့် လူတို့အကြားတွင်မူ ခလုတ်များ သို့မဟုတ် ရီမုတ်ကွန်ထရိုးခလုတ်လေးသာရှိသည်။ အလွယ်ပြောရလျှင် ကွန်ထရိုလာများကို ဂျီယူအိုင်နှင့်တွဲပြီး ပိုမိုခိုင်းကောင်းအောင် လုပ်ဖို့ကြိုးစားခြင်းကို ချစ်ပ်တစ်ခုပေါ်တွင် စနစ်တစ်ခုကို တင်ခြင်းဟုခေါ်ရာမှ ချစ်ပ်တစ်ခု စနစ်တစ်ခု သဘောတရား စတင်လာသည်။

ခလုတ်ဖုန်းများသာရှိသေးသော ကျွန်တော်တို့ ကျောင်းတက်စဉ်က ယင်းမှာ အဆန်းတကြယ် သဘောတရားတစ်ခုဖြစ်သော်လည်း စမတ်ဖုန်းများ၏ ယနေ့ခေတ်တွင် အဆန်းတကြယ်မဟုတ်တော့။ စမတ်ဖုန်းများသည် အက်စ်အိုစီများမဟုတ်ပါလား။ ချစ်ပ်တစ်ခုတည်းပေါ်တွင် စီပီယူ၊ မင်မိုရီ၊ သိုလှောင်သိမ်းဆည်းသည့်နေရာများအပြင် ယူအက်စ်ဘီ၊ ဝိုင်ဖိုင်၊ ဘလူးတုသ် အစရှိသည့် ဆက်သွယ်ရေးနည်းပညာများပါထည့်သွင်းထားသည်မဟုတ်ပါလား။

သို့ဆိုလျှင် ယခုမှ အက်စ်အိုစီများ ခေတ်စားလာသည်ဟု ဘာကြောင့်ပြောရသလဲဟု မေးနိုင်ပါသည်။ အဖြေမှာ အကြောင်းရင်းနှစ်ခုကြောင့်ဖြစ်သည်။ တစ်ခုမှာ ဂျီပီယူများကိုပါ ချစ်ပ်ပေါ်တွင် တင်လာခြင်းဖြစ်သည်။ နောက်တစ်ခုမှာ ကွန်ပျူတာများကပါ သူတို့၏ စီပီယူများထဲတွင် အလားတူ ဂျီပီယူအပါအဝင် အခြားအစိတ်အပိုင်းများအားလုံးကို ထည့်သွင်းရန် ကြိုးစားလာကြခြင်းဖြစ်သည်။ တစ်နည်းပြောရလျှင် ပရိုဆက်ဆာနှင့် ကွန်ထရိုလာကြားမှ အပိုင်းအခြားသည် ပါးလျသွားပြီ။ မိုက်ခရိုဆိုသည့်စကားလုံးကို ထည့်ပြောစရာမလိုတော့။ နာနိုခေတ်ဖြစ်နေပြီ။ ရှေ့ကပြောခဲ့သည့် ဟားဗတ်နည်းနှင့် ဗွန်နျူမန်းနည်း နှစ်ခုပေါင်းသွားပြီ။ ထို့ကြောင့် ဟိုက်ဘရစ် ပရိုဆက်ဆာများဟု ခေါ်လာသည်။ ဥပမာပြောရလျှင် အက်ပဲလ်၏ အိုင်ဖုန်းများအတွက် ထုတ်နေသော အေစီးရီးပရိုဆက်ဆာများသည် ကွန်ထရိုလာပေါ်တွင် စနစ်ကိုတင်သည့် သဘောတရားဖြစ်ပြီး မက်ဘွတ်ခ်များ၊ အိုင်ပက်ဒ်များအတွက်ထုတ်သော အမ်စီးရီး ပရိုဆက်ဆာများသည် စီပီယူပေါ်ကို ကျန်ပစ္စည်းများဆွဲထည့်သည့် သဘောတရားဖြစ်သည်။

နာနိုနည်းပညာကြောင့် အက်တမ်အကန့်အသတ်နှင့် ကပ်လာပြီဆိုသော်လည်း ရောက်တော့မရောက်သေးပါ။ ၂၀၂၀ ပြည့်နှစ်တွင် အက်ပဲလ်၏ အေ-၁၄ နှင့် ထိုင်ဝမ် တီအက်စ်အမ်စီ ချစ်ပ်များသည် ၅ နာနိုမီတာအထိ ကျုံ့လာသည်။ ဆိုလိုသည်မှာ ကွမ်တမ်သဘောတရားများကိုပါ ထည့်သွင်းတွက်ချက်လာရပြီ။ ၂၀၂၂ ခုနှစ်တွင် ဆမ်ဆောင်းနှင့် တီအက်စ်အမ်စီတို့က ၄ နာနိုမီတာအထိ ထပ်ချုံ့သည်။ ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်တို့တွင် အက်ပဲလ်၏ အေ-၁၇ ပရို၊ အမ်-၃၊ တီအက်စ်အမ်စီ၏ အင်န်-၃ ချစ်ပ်များသည် ၃ နာနိုမီတာအထိ ချုံ့နိုင်နေပြီ။ ယခုနှစ်အတွင်း ရှေ့ပြေးနည်းပညာ စမ်းသပ်မှုများက ၂ နာနိုမီတာ အရွယ်အစားကို စမ်းသပ်နေကြပြီဖြစ်သည်။ ယင်းမှာ ရှေးရိုးစံထား ရူပဗေဒ၏ အလုပ်မဟုတ်တော့ဘဲ ကွမ်တမ်ရူပဗေဒ၏ အလုပ်သက်သက်ဖြစ်သွားပြီဟု ဆိုလိုသည်။ ပြိုင်ဆိုင်မှုအားဖြင့် ပြောရလျှင် ၂၀၂၅ ခုနှစ်၌ ထိုင်ဝမ် တီအက်စ်အမ်စီ၊ တောင်ကိုရီးယား ဆမ်ဆောင်းနှင့် အမေရိကန် အင်တဲလ်တို့က ၃ နာနိုမီတာဖြင့် ဦးဆောင်နေပြီး တရုတ် အက်စ်အမ်အိုင်စီက ၁၄ နာနိုမီတာဖြင့် နောက်မှလိုက်နေသည်။

ဟိုက်ဘရစ် ပရိုဆက်ဆာများဖြစ်လာပြီးနောက် နျူရယ်ကွန်ရက် စီပီယူများ(အင်န်ပီယူ)၊ တင်ဆာ စီပီယူ(တီပီယူ) များ ထပ်ဖြည့်ပြီး အေအိုင်ချစ်ပ်များဖြစ်လာသည့်အကြောင်း၊ အက်တမ်အကန့်အသတ်ကိုကျော်လွန်ပြီး ရပ်တည်နိုင်ရန် အီလက်ထရွန်နစ်၊ ဖိုတွန်းနစ်၊ ကွမ်တမ် ဟိုက်ဘရစ်ချစ်ပ်များအတွက် ကြိုးစားနေသည့်အကြောင်းတို့ကိုလည်း ဆက်လက်တင်ပြသွားပါမည်။

# ပထမဆုံး အီလက်ထရွန်နစ်၊ ဖိုတွန်းနစ်၊ ကွမ်တမ်ပါဝါ ဟိုက်ဘရစ်ချစ်ပ် တီထွင်

ဘော့စတွန်တက္ကသိုလ်၊ ဘာကလီတက္ကသိုလ်နှင့် အနောက်မြောက်တက္ကသိုလ်တို့မှ ပညာရှင်များ၏ ပူးပေါင်းအဖွဲ့သည် အီလက်ထရွန်နစ်၊ အလင်းနည်းပညာ၊ ကွမ်တမ်နည်းပညာတို့ ပေါင်းစပ်ထားသည့် ဟိုက်ဘရစ်ချစ်ပ်တစ်မျိုးကို ပထမဆုံးအကြိမ် တီထွင်နိုင်ခဲ့ပြီးဖြစ်ကြောင်း ဇူလိုင်လ ၁၆ ရက်နေ့ထုတ် နေးချား အီလက်ထရွန်နစ်ဂျာနယ်တွင် ထည့်သွင်းဖော်ပြထားသည်။

အဆိုပါ တီထွင်မှုအရ တည်ငြိမ်သော အီလက်ထရွန်နစ်စနစ်ထဲတွင် ကွမ်တမ် အလင်းအရင်းအမြစ်ကို ထည့်သွင်းနိုင်ခဲ့သည်ဟုဆိုသည်။ ၄၅ နာနိုမီတာ တစ်ပိုင်းလျှပ်ကူးလုပ်ငန်းစဉ်အတွင်း လုပ်ဆောင်နိုင်ခဲ့ခြင်းလည်းဖြစ်သည်။ ဖိုတွန် အလင်းအမှုန်စုံတွဲကို ပုံမှန်ထုတ်လုပ်ပေးနိုင်ပြီး ချစ်ပ်အတွင်း ဆက်သွယ်မှုများနှင့် ချစ်ပ်အချင်းချင်း ဆက်သွယ်မှုများအကြား လက်ရှိထက် ပိုမိုရှုပ်ထွေးသည့် ကွမ်တမ်ဆက်သွယ်မှုနည်းလမ်းများဖြင့် ဆက်သွယ်နိုင်ရန် အထောက်အကူဖြစ်စေရာ အလင်းအလျင် ဆက်သွယ်မှုနီးပါး မြန်ဆန်လာမည်ဖြစ်သည်။

"ကွမ်တမ် ကွန်ပျူတာတွက်ချက်မှု၊ ဆက်သွယ်မှုနဲ့ အာရုံခံမှုတွေဟာ သဘောတရားကနေ လက်တွေ့အဖြစ်ကို ဆယ်စုနှစ်တစ်ခုစာလောက် လျှောက်လှမ်းခဲ့ပြီးပါပြီ။ ဒါက ဒီလမ်းကြောင်းကြီးပေါ်က အစိတ်အပိုင်း ခပ်သေးသေးတစ်ခုလောက်ပါပဲ။ ဒါပေမဲ့ အရေးတော့ကြီးပါတယ်။ ကျွန်တော်တို့အနေနဲ့ စီးပွားဖြစ်တစ်ပိုင်းလျှပ်ကူး အခြေခံအုတ်မြစ်ထဲမှာ အထပ်ထပ်လုပ်နိုင်ပြီး ထိန်းချုပ်နိုင်တဲ့ ကွမ်တမ်စနစ်တစ်ခု ထည့်သွင်းနိုင်တာကြောင့်ပါ"ဟု ဘာကလီတက္ကသိုလ်မှ တွဲဖက်ပါမောက္ခ မီလော့စ် ပိုပိုဗစ်က ဆိုသည်။




အလင်းကို ထိုသို့ခိုင်းစေနိုင်သော ကိရိယာများကို ကွမ်တမ်အလင်းစက်ရုံများဟု ခေါ်သည်။ ဖိုတွန်အလင်းမှုန်တစ်လုံးချင်းစီကို ထုတ်လုပ်၊ ထိန်းချုပ်၊ စီးဆင်းစေနိုင်သောကိရိယာဟု ဆိုနိုင်သည်။ ဆက်သွယ်ရေးနည်းပညာတွင် ထိုသို့သော ကိရိယာများကို စီးပွားဖြစ် အသုံးပြုမှုများ ရှိနေပြီဖြစ်သော်လည်း ၄၅ နာနိုမီတာအရွယ်အစား ချစ်ပ်တစ်ခုပေါ်တွင် ထိုကိရိယာများကို တင်နိုင်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

အနောက်မြောက် တက္ကသိုလ်မှ ကွမ်တမ်အလင်းဆိုင်ရာ ပါမောက္ခ ပရမ်းကူးမားက "ကွမ်တမ်စနစ်တွေကို စမ်းသပ်ခန်းကနေ အပြင်ကိုထွက်လာစေဖို့ အခုလို ပူးပေါင်းဆောင်ရွက်မှုမျိုးတွေ မဖြစ်မနေလိုအပ်ပါတယ်။ အီလက်ထရွန်နစ်၊ ဖိုတွန်းနစ်နဲ့ ကွမ်တမ်သဘောတရားတွေကို မပေါင်းစပ်နိုင်ရင် အခုလို လုပ်နိုင်စရာအကြောင်း မရှိပါဘူး"ဟု ရှင်းပြသည်။

ထုံးတမ်းစဉ်လာ ထရန်စစ္စတာ ထုတ်လုပ်သည့် ၄၅ နာနိုမီတာ အရွယ်အစား တစ်ပိုင်းလျှပ်ကူး စီမော့စ်(CMOS) ပလက်ဖောင်းပေါ်တွင် အလင်းကို ထုတ်လုပ်ထိန်းချုပ်နိုင်မည့် ကွမ်တမ်နည်းပညာသုံးကိရိယာ ထည့်သွင်းခြင်းဖြစ်ရာ ချစ်ပ်တစ်ခုတည်းပေါ်တွင် အီလက်ထရွန်နစ်နှင့် ကွမ်တမ်နည်းပညာတို့ ပေါင်းစပ်မှုဖြစ်သည်။ မတည်ငြိမ်သော ကွမ်တမ်ကိရိယာတို့ကို စီမော့စ်ချစ်ပ်ပြားပေါ်တင်ပြီး ထိန်းချုပ်နိုင်ကြောင်းကို ပထမဆုံးအကြိမ် ပြသလိုက် ခြင်းလည်းဖြစ်သည်။

Ref: scitechdaily.com




## ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## ဗုဒ္ဓပြောတဲ့ ကျူလေးလုံးမြင့်မားကြောင်း




ခင်မောင်နှင်း(ကျောက်ပန်းတောင်း) ရေးသားသည့် ဗုဒ္ဓပြောတဲ့ ကျူလေးလုံးမြင့်မားကြောင်း စာအုပ်ထွက်ရှိလာသည်။

ဗုဒ္ဓက ကျူလေးလုံးကောင်းအောင် မည်သို့လုပ်ရမည်ဆိုသည်နှင့် ပတ်သက်ပြီး အသေးစိတ်ဟောဖော်လမ်းပြ မိန့်ကြားထားသလို ကျူလေးလုံးမပျက်စီးအောင် မည်သို့ကာကွယ်ရမည်ဆိုသည်ကို လောက လူသားအကျိုးအတွက် လမ်းပြပေးခဲ့သည်။

အိုင်ကျူ (IQ–Intelligence Quotient) ဆိုသည်မှာ လူတစ်ယောက် ဆိုင်ရာနယ်ပယ်တွင် သိမြင်တတ်မြောက်လုပ်နိုင်မှု ဉာဏ်ရည်ကို အကဲဖြတ် သတ်မှတ်ခြင်းဖြစ်သည်။ အီးကျူ (EQ–Emotional Quotient) ဆိုသည်မှာ မိမိစိတ်ဖြင့် သူတစ်ပါးစိတ်ကို သိရှိနားလည်ပြီး ကိုယ်ချင်းစာစိတ်ရှိမှု၊ မိမိကိုယ်ကို ထိန်းသိမ်းနိုင်မှုနှင့် အကောင်းမြင်စိတ်ရှိမှုတို့ကို အကဲဖြတ်ခြင်းဖြစ်သည်။

အက်စ်ကျူ (SQ–Social Quotient) ဆိုသည်မှာ လူမှုပတ်ဝန်းကျင်နှင့် အဆင်ပြေအောင် ပေါင်းသင်းဆက်ဆံနေထိုင်တတ်မှုကို အကဲဖြတ်ခြင်းဖြစ်သည်။ အေကျူ (AQ– Adversity Quotient) ဆိုသည်မှာ ကြုံတွေ့လာရသည့် အခက်အခဲအတားအဆီးများကို ကျော်ဖြတ်နိုင်သည့်စွမ်းရည်ကို အကဲဖြတ်ခြင်းဖြစ်သည်။

စာရေးသူက အဆိုပါစာအုပ်မှာ စာဖတ်သူဘဝ တိုးတက်အောင်မြင်ရေးကို အထောက်အကူဖြစ်စေမည်ဟု ဆိုထားသည်။ စာအုပ်ကို ကိုလတ်စာပေ ဖုန်း ၀၁–၈၃၉၀၄၂၁၊ အမှတ် (၂၂၀)၊ ၃၁လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၁၆၅၀၀ ဖြင့် ဖြန့်ချိသည်။

## မြန်မာနိုင်ငံ ထေရဝါဒ ဗုဒ္ဓသာသနာဝင်မှတ်တမ်း




သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ပရိယတ္တိ သာသနဟိတဓမ္မာစရိယ၊ ပရိယတ္တိသဒ္ဓမ္မပါလဓမ္မာစရိယ၊ ဒီဃဘာဏက၊ ဒီဃနိကာယ ကောဝိဒ ဘွဲ့ရ ပဲခူးမြို့ ဇေယျသိဒ္ဓိမဟောက်ကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တမာဃိန္ဒာဘိဝံသ၏ မြန်မာနိုင်ငံ ထေရဝါဒ ဗုဒ္ဓသာသနာဝင် မှတ်တမ်းစာအုပ် ထွက်ရှိလာသည်။

ဆရာတော်သည် ကမ္ဘာအေးကုန်းမြေ ဇမ္ဗူဒီပကျောင်းဆောင်တွင် ၁၆ နှစ်မျှ တိပိဋကပါဠိမြန်မာ အဘိဓာန်ကျမ်းပြုအဖွဲ့ဝင်အဖြစ် နေထိုင်ရင်း ရှေးကမှတ်သားထားသော သာသနာနှင့်စပ်သောကိစ္စများ၊ ရှေးရှေးဆရာတော်ကြီးများ၏ ထေရုပ္ပတ္တိများ စသည်တို့ကို ပေါင်းစု၍ ဤထေရဝါဒ ဗုဒ္ဓသာသနာဝင်မှတ်တမ်းကို ရှင်လူ၊ ရဟန်းများ သိစေရန် လိုရင်းတိုရှင်းဖော်ပြထားသည်။

ဆရာတော်ရေးသားခဲ့သည့် ကျမ်းများမှာ မောဂ္ဂလ္လာနတ္တသူစိကာ (၂၀၀၈ ခုနှစ်)၊ နာမ်ဂိုဏ်းနှင့် ပဒမာလာ (၂၀၁၂ ခုနှစ်)၊ အာချာတ်ဂိုဏ်းနှင့် ပဒမာလာ (၂၀၁၆ ခုနှစ်)၊ ဝတ်ဆောက်တည်ကျင့်သုံးနည်း (၂၀၁၄ ခုနှစ်) နှင့် ဓမ္မပဒအနက်ပြ (၂၀၁၆ ခုနှစ်) တို့ဖြစ်ကြပြီး ဤစာအုပ်မှာ ဆဋ္ဌမမြောက်စာအုပ်ဖြစ်သည်။

စာအုပ်ကို ဦးသိန်းဝင်း ဖုန်း ၀၉–၂၅၄၃၄၇၇၆၆၊ အမှတ် (၃၇)၊ အနော်မာ ၁၉ လမ်း (အနောက်)၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၁၂၀၀၀ ဖြင့် ထုတ်ဝေသည်။

## တောင်ငူမြို့ ရွှေဆံတော်စေတီတော်မြတ်ကြီး၏ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်အား ယာယီစံကျောင်းတော်သို့ ပင့်ဆောင်

**တောင်ငူ ဇူလိုင် ၂၀**

မန္တလေးငလျင်ကြီး ဒဏ်ကြောင့် ပျက်စီးယိုယွင်းခဲ့သည့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၏ ရှေးဟောင်း သမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး ရောင်တော်ဖွင့်ခြင်း၊ သန့်စင်ခြင်း၊ ချေးချွတ်ခြင်း၊ စေတီတော်မြတ်ကြီးအား ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ အထွတ်မှ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား ဂန္ဓဝင်ကိုးခန်းသိမ်တော် ယာယီစံကျောင်းတော်သို့ ပင့်ဆောင်သည်။



ဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် စွမ်းလှိုင်မင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်အောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဉာဏ်လင်းအောင်၊ မြို့မိမြို့ဖများ၊ ရွှေဆံတော်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက မရမ်းကျောင်း စာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇောသာရ ထံမှ ကိုးပါးသီလ ခံယူဆောက်တည်သည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဂေါပကအဖွဲ့ဝင်များသည် အလှူရှင် CB ဘဏ် ဥက္ကဋ္ဌကြီး ဦးခင်မောင်အေးနှင့်ဇနီး ဒေါ်ဝင့်ရည်အေး မိသားစုက ပြန်လည်လှူဒါန်းထားသော ရွှေဆံတော်စေတီတော် မြတ်ကြီး၏ အထွတ်မှ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား ရင်ပြင်တော်ပေါ်သို့ပင့်ဆောင်၍ ဝင်းခင်းပြီး ဝေါယာဉ်ဖြင့် လက်ယာရစ် တစ်ပတ်ပတ်ကာ ဂန္ဓဝင်ကိုးခန်းသိမ်တော် ယာယီစံကျောင်းတော်သို့ ပင့်ဆောင်ပူဇော်ထားရှိသည်။ မြန်မာပြည်အနှံ့အပြားမှ ပြည်သူများနှင့် ဒေသခံပြည်သူများ အနေဖြင့် လာရောက်ဖူးမြော် ကြည်ညိုနိုင်ကြောင်းနှင့် ဂေါပကအဖွဲ့ ရုံးဖုန်း ၀၉– ၄၅၄၃၆၆၄၈၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ရေကြောင်းသတိပေးချက်

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေး လုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ် (M–9) ဇောတိက စီမံကိန်းတွင် Zawtika Phase 1E Wellhead Platform Development Project အရ Pre–Installation Survey လုပ်ငန်းများအား SMS SONNET (Call Sign: YDYY2) ရေယာဉ်ဖြင့် ၂၀၂၅ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့မှ ၂၀၂၅ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်ပါသည်။

Pre–Installation Survey လုပ်ငန်းများဆောင်ရွက်မည့် တည်နေရာကို ဖော်ပြသည့် Coordinates များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

| Point | Latitude | Longitude |
|---|---|---|
| ZWP16 | 14° 15' 20.1598" N | 95° 33' 27.3841" E |
| ZWP12 | 14° 11' 52.7217" N | 95° 36' 43.5435" E |
| ZWP17 | 14° 31' 04.8313" N | 96° 00' 39.7748" E |
| ZWP13 | 14° 29' 07.8337" N | 95° 59' 22.8278" E |
| ZWP18 | 13° 57' 00.1665" N | 95° 46' 05.5217" E |
| ZWP14 | 13° 59' 54.3208" N | 95° 47' 45.4190" E |
| ZWP19 | 14° 15' 24.1528" N | 95° 56' 51.0056" E |
| ZPQ | 14° 11' 27.8140" N | 96° 02' 44.2786" E |

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် (M–9) ဇောတိကစီမံကိန်းတွင် Zawtika Phase 1E Wellhead Platform Development Project အရ Pre–Installation Survey လုပ်ငန်းများအား SMS SONNET (Call Sign: YDYY2) ရေယာဉ်ဖြင့် ၂၀၂၅ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့မှ ၂၀၂၅ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါလုပ်ငန်းခွင် တည်နေရာများမှ ၄ ကီလိုမီတာပတ်လည် အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက် (Notice to Mariners)အား ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။ ■

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၆၂၂) ဦးတင်ထွန်းအေးအမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်၊ အကျယ်အဝန်း(၄၀ ပေ x ၆၀ ပေ)အနက်မှ (၂၀ပေ x ၆၀ပေ)ရှိ (ဘယ်ဘက်ခြမ်း) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၆၂၂)၊ သီတဂူ (၂)လမ်း၊ (၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း**

အထက်ဖော်ပြပါ မြေကွက်နှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်တင်ဇာထက် [၁၂/လမန(နိုင်)၀၂၁၈၁၁]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်သီတာမမ (LL.B, D.M.L,D.I.L)** — **ဒေါ်ခင်မျိုးလတ် (LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၂၂၆)** — **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၉၂၇၅)**

**အမှတ်(၄၄)၊ ပ–ထပ်၊ အခန်း(၁၀)၊ ၃၆–လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း–၀၉–၇၈၇၁၇၇၈၆၃၊ ၀၉–၂၅၄၁၃၀၀၇၄**

**ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာ**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၂)တိုးချဲ့၊ ဦးကြင်ဥလမ်း၊ မြေကွက်အမှတ်(၉၅)၏ မြေအကျယ်အဝန်း (၆၀x၈၀)ပေရှိ ဦးအောင်ဖြိုးကျော်[၁၂/ရကန(နိုင်)၀၇၃၁၄၀] အမည်ပေါက် နှစ်(၆၀) ဂရန်မြေ အမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဂရန်အမည်ပေါက်ပိုင်ရှင် ဦးအောင်ဖြိုးကျော်[၁၂/ရကန(နိုင်)၀၇၃၁၄၀] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်းခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက် အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးဇော်မျိုးအောင်(စဉ်–၁၁၄၆၂)** — **ဒေါ်ခင်အေးသန်း(စဉ်–၉၁၁၉)**

**(LL.B,D.I.L)** — **(LL.B,D.B.L,D.I.L,WIPO Switzerland)**

**(တရားလွှတ်တော်ရှေ့နေများ)**

**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅–လမ်း(အောက်)၊**

**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း– ၀၉–၂၅၃၁၁၈၀၁၄၊ ၀၉–၄၂၀၂၆၆၀၆၁၊ ၀၉–၄၅၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

